# ဒံယေလထံရောက်ရှိသော ဂါဗြေလ၏ညွှန်ကြားစာများ

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၁-၀၇၃၀ အမ်မ်

1 ၁။ မင်္ဂလာနံနက်ခင်းပါ။မိတ်ဆွေတို့။ ဒီမနက် ဘုရားကျောင်းထဲမှာ သိပ်ပူတာပဲနော်။ ဒါပေမယ့် ဒီနေရာမှာသိပ်ကို ဘုန်းထင်ရှားစရာအကြောင်းရှိပါတယ်။ ဒီနေ့ဒီဝတ်ပြုအစည်းအဝေးမှာ ကျွန်တော်တို့ ရောက်ရှိနေနိုင်တဲ့အတွက် သိပ်ကိုဝမ်းမြောက်မိပါသည်။ ကျွန်တော် ထုတ်ဖော်ပေးအပ်ခဲ့တဲ့အကြောင်းကတော့ အခုကျွန်တော်တို့လေ့လာမှုပြုခဲ့ကြတဲ့ ဒီ ဒံယေလ၏ရက်သတ္တပတ် ခုနှစ်ဆယ်အကြောင်းပဲဖြစ်ပါသည်။ကျွန်တော် တံဆိပ်ခုနှစ်ချက်အကြောင်း မသွားနိုင်သေးခင် ဒီအကြောင်းကကျန်တဲ့သတင်းစကားများနှင့် ချည်နှောင်လျက်ရှိပါတယ်။ အဲဒါတွေကတော့ တံဆိပ်ခုနှစ်ချက်ကပ်ရောဂါ ခုနှစ်ခု တံပိုးခုနှစ်လုံး၊ ဝမ်းနည်းပူဆွေးခြင်းသုံးခု နေ၌ရှိသောမိန်းမအနီရောင်နတ်ဆိုးကို မောင်းထုတ်ခြင်း ၁၄၄ တက်သော ရိကို တံဆိပ်ခတ်၍အဝေးမှာရှိစေခြင်း အကြောင်းတို့ပဲဖြစ်ပါသည်- ဒီအချိန်နာရီအတောအတွင်းအလုံးစုံသောအရာများ ဖြစ် ပျက်မည်ဖြစ်ပါသည်။ ကျွန်တော် ဒီလို ကနဦး၌ရှိသောအရာကိုရယူထားမည်ဟု ကျွန်တော်ထင်ပါတယ်။

2 ၂။ အခုပူပါတယ်။ ကျွန်တော်တို့ အကြာကြီးနေဖို့ မရည်ရွယ်ပါဘူး - အခုကျွန်တော်တို့မြင်နိုင်သလောက် သွားပါ မည်။ ဒီလို ရာသီဉတုရှိပါတယ်။ များသောအားဖြင့်ရာသီအကုန်မှာဖြစ်တတ်ပါတယ်။ အဲလိုအချိန်ဆို တခါတရံ လူတွေလည်း မတက်ကြပါဘူး။ အထူးသဖြင့် … သူတို့အားလုံးအဲကွန်းခန်းတွေထဲမှာရှိနေကြပြီး အဲလိုမျိုးတွေဖွင့်ထားကြပါတယ်။ အဲဒါ ကသက်သောင့်သက်သာဖြစ်စေပါတယ်။ ကျွန်တော့်မှာလည်း အဲဒါရှိလိုပါတယ်။ ဒါပေမယ့်ဒီအချိန်မှာတော့ ကျွန်တော်တို့ မှာ အဲဒါမရှိကြပါဘူး။

ကျွန်ုပ်တို့၏မြောက်များစွာသောရှေးဘိုးဘေးတို့သည် နေပူကြီးထဲမှာ ထွက်၍ထိုင်နေကြပါတယ်။ အဲကွန်းမရှိတဲ့ အတွက်လူတွေကို ကျွန်တော်တောင်းပန်ဖို့ စဉ်းစားမိလိုက်တဲ့အချိန် ကျွန်တော်အတွေးတွေကအမြဲလိုလို အာဖရိကဆီ သို့ ရောက်သွားတတ်ပါတယ်။ သူတို့ဟာ အဲဒီလိုမုန်တိုင်းတိုက်တဲ့နေရာတွေမှာ နေရပါတယ်။ မိန်းမတွေဟာ သူတို့ရဲ့မျက်နှာ ပေါ်မှာသူတို့ဆံပင်တွေကို ဖားလျားချထားတတ်ကြပါတယ်။ အဲလို နေ့နေ့ ညည နေကြပါတယ်။သူတို့နေနေတဲ့ နေရာက နေ လုံးဝထွက်ခွာခြင်းမပြုကြပါဘူး။ မစားမသောက်တဲ့အပြင်ဘာမှလည်းမလုပ်ကြပါဘူး။ အဲမှာ အဲလိုပဲနေပါတယ်။ အခု တလုံးစ နှစ်လုံးစကိုဖမ်းထားကြပါ။ အဲဒီနောက်က ဘုရားသခင်၏အပိုင်းဖြစ်ပါတယ်။

3 ၃။ ကျွန်တော်မက္ကဆီကိုလို စဉ်းစားကြည့်ပါတယ်။ အဲဒီအချိန်မှာ အဲလို သိပ်ပူပါတယ်။ရိုးသားကြပါတယ်။ ကျွန်တော် ကတော့ အဲကွန်းအခန်းတခုထဲမှာထိုင်ပြီးကျွန်တော်ကိုယ်ကျွန်တော် ယပ်ခတ်ဖို့ ကြိုးစားခဲ့ပါတယ်။ အဲဒီမှာ သိပ်ပူပါတယ်။အဲဒီဘက် ကြီးမားတဲ့ ပြိုင်ပွဲကွင်းကြီးထဲကို မနက် ကိုးနာရီလောက်မှာ ရောက်လာကြတဲ့သူတို့ကို မြင်ကြည့်ပါ။ ထိုင်စရာ ခုံမရှိပါဘူး - နေမကောင်းတဲ့လူတွေရှိတယ်။တကယ့်မကျန်းမာကြတာပါ။ သေတော့မလို နေမကောင်းဖြစ်နေခဲ့ပါတယ်။ အကျိတ်ဖြစ်နေတာပါ။ မကျန်းမာတဲ့မိခင်တွေရှိပါတယ်။ သေတော့မယ့် ကလေးလေးတွေရှိပါတယ်။အရာရာတိုင်းရှိပါတယ်။ အခုမှမရှိပါဘူး။ အဲဒီလို မနက်ကိုးနာရီကနေ အဲဒီညကိုးနာရီရောက်သည့်အထိ တယောက်နှင့်တယောက် တိုးတိုက်ပြီး တော့ကိုစိတ်အားထက်သန်ခြင်းရှိကြတာဖြစ်ပါတယ်။ ဘုရားသခင်၏အမှုပြုတော်မူချက်ကိုကြည့်ရှုကြရစရာအကြောင်း ရှိပါတယ်။ အဲဒီလို ထိုင်စောင့်နေကြတာဖြစ်ပါတယ်။ ကြီးကြီးဟောင်းဟောင်း လေးလေး အဝတ်အထည်တွေကို ဝတ်ဆင် ထားကြတာဖြစ်ပါသည်။ သူတို့ဟာဆောင်းနဲ့နွေမှာ အဲဒါတွေကိုဝတ်တာပါ။ အဲဒါအားလုံးကတော့ သူတို့မှာ ပိုင်ဆိုင်တဲ့အရာပဲဖြစ်ပါသည်။

4 ၄။ အဲဒီနောက်အဲဒီလို တောနက်တွေထဲက ထုတ်လာပြီး ချထားကြတာကို ကျွန်တော်တွေးမိပါတယ်။ သူတို့ကလှုပ် လို့မရတဲ့ နေမကောင်းသူတွေကို ခေါ်လာကြတာဖြစ်ပါတယ်။ အိန္ဒိယမှာပါ။ သူတို့ဟာတပြုံကြီးကို ချထားကြတာဖြစ် ပါတယ်။ အဲဒီလို တယောက်၏ထိပ်မှာတယောက်ကိုချထားပြီးအဲဒီတယောက်၏ ထိပ်မှာ တယောက်ကို ချထားတာဖြစ် ပါတယ်။ အဲဒီလိုမျိုးပါ။ အနူတွေရောဂါသည်တွေရှိတဲ့နေရာကို သူတို့ဟာ သူတို့ကို ဒရွတ်တိုက် ဆွဲလာကြတာဖြစ်ပါ သည်။ လမ်းတွေကနေထွက်လာကြပါတယ်။ အဲဒီနေပူပူကြီးထဲမှာ သူတို့ကို မုန်တိုင်းတွေလည်းရှိပြီးချောက်တွေလည်း - ပျက် ပါတယ်။ အဲဒီလိုမျိုးတွေဖြစ်ပါတယ်။ အဲဒီလို နေပူပူထဲမှာသူတို့ဟာ အမှန်ပဲ သူတို့ကိုချထားကြတာဖြစ်ပါသည်။ မုန်တိုင်း တိုက်ပြီးအားလုံးဖြစ်ပါတယ်။ လုံးဝရွှေ့မသွးသလို အတွန့်လည်းမတက်ကြပါဘူး - အခုနှင့်သည့်နောက်ဘုရားသခင်၏ နှုတ်ကပတ်တော်တခုကို ရိပ်ဖမ်းဖို့ရာ ကြိုးစားကြရပါမည်။ သူတို့၏ဝိညာဉ်အတွက် တစုံတခုရှိပါတယ်။ သည့်နောက် ကျွန်တော်တို့ဟာကျွန်ုပ်တို့၏ခေါင်းပေါ်မှာ သည်မနက် အမိုးတခုအုပ်ထားပြီး ပန်ကာလည်နေတာကိုဘာကြောင့် တောင်း ပန်မှုပြုသင့်ပါသနည်း။ ကျွန်တော်တို့ အဲဒီလိုကိစ္စကိုအတွန့်တက်နေမယ်ဆိုရင် ကျွန်တော်တို့ ရှက်သင့်ပါတယ်။

5 ၅။ ဒါကြောင့်မကြာသေးခင်က ကျွန်တော်တခုမှာ ကျွန်တော်အမှတ်ရတာရှိပါတယ်။ တောင်ပင်လယ်က ထွက်နေ တဲ့ကျွန်တော်အတွေးထဲက တခုမှာဖြစ်ပါတယ်။ အဲဒီည အဲဒီမှာ ကျွန်တော် အစည်းအဝေးတခုလုပ်ခဲ့ပါတယ်။ပြီးတော့ အို မုန်တိုင်းတခုတိုက်လာပါတယ်။ အဲဒီလို မုန်တိုင်းမျိုးကျွန်တော်လုံးဝမမြင်ခဲ့ဖူးပါ - အခြားတခုဖြစ်သွားပြီးနောက် ကျုပ်တ ကြိမ်ဖြတ်ပါသည်။ နိုင်ငံတခုလုံးကို လျက်ပြက်နေတာပါ။ ဘယ်လောက်တောင်လဲဆို မြေပြင်ပေါ် သစ်ပင်တွေလဲကျသည့် အထိ လေကတိုက်တာဖြစ်ပါသည်။ ကျွန်တော်ကတော့ပြောခဲ့ပါတယ် ‘ကောင်းပြီကျွန်တော်တို့ ကျွန်တော်တို့ ဝတ်စုံကို ကောင်းကောင်းထုတ်ထားဖို့တော့လိုလိမ့်မည်။ ဘာဖြစ်လို့လဲဆိုရင် အဲ့မှာ ဘယ်သူမှရှိတော့မှာမဟုတ်လို့’ ဆိုပြီးတော့ မှပါ။

ခဏကြာတော့ ကားလေးဟာ တံခါးရှိရာနောက်သို့ဆုတ်လာပါတယ်။ တယောက်ယောက်က တံခါးကိုခေါက်၍ သွားဖို့

အဆင်သင့်ဖြစ်စေပါတယ်။

ကျွန်တော်က ကောင်လေးကိုပြောလိုက်ပါတယ်(သူက အင်္ဂလိပ်စကားပြောနိုင်ပါတယ်) ကျွန်တော်က ‘အဲဒီမှာဘယ်သူမှရောက်မသွားဘူးနော်’ ဟုပြောခဲ့ပါတယ်။

‘မင်းမြို့ရှိတဲ့နေရာထဲတောင် ရောက်နိုင်မှာမဟုတ်ဘူး (ကြီးကြီးလုံးလုံးဥယျာဉ်ကြီးပေါ်မှာ ရောက်နေတာ ဖြစ်ပါ သည်) ’ဟုပြောခဲ့ပါတယ်။

ပြီးတော့ ကျွန်တော်က အဲဒီကို အဲဒီကလူတွေထွက်လာကြတယ်လို့ မင်းဆိုလိုတာလား ဟုမေးခဲ့ပါသည်။ ကျွန်တော် က ‘အားလုံးဒီလိုမုန်တိုင်းရှိတာပဲလား’ ဟုမေးခဲ့ပါသည်။

သူက ‘သူတို့က ဘုရားသခင်အကြောင်းနားထောင်ချင်ကြတယ်လေ’ ဟုဆိုပါသည်။

6 ၆။ ဒါနဲ့ကျွန်တော် အဲဒီကိုရောက်သွားခဲပါတယ်။ အဲဒီမှာ အမျိုးသမီးတွေ ကောင်မလေးတွေဆယ်ကျော်သက် တွေ ရှိပါတယ်။ ကြိတ်ပြီးရယ်တာမျိုး ရယ်နေတာမျိုးပီကေဝါးပြီးမှုတ်နေတာမျိုး သူတို့ရဲ့ရည်းစားတွေအကြောင်း ပြောနေတာ မျိုးမရှိကြပါဘူး။ ပြောသမျှက အဲဒီအပေါ်မှာပဲ သူတို့ပြောကြတာဖြစ်ပါတယ်။လုံးဝရွှေ့မသွားပါဘူး။ ထိုင်ပြီး နားထောင်နေ ကြပါတယ်။ ပလ္လင်တော်ခေါ်ဆိုမှုကိုလုပ်ဆောင်ပါတယ် ... အခု ပလ္လင်တော်ခေါ်ဆိုမှုကို လုပ်မှာပါ။ထောင်ချီပြီး မြောက် ထားကြပါတယ်။ သူတို့ရဲ့မျက်လုံးတွေကနေ မျက်ရည်တွေစီးကျလျက်ရှိပါတယ်။ ဆယ့်ရှစ်နှစ်လောက်ပဲရှိပါမည်။ အဲလို ပါ။သူတို့ရဲ့လက်ကိုမြောက်ပြီး ဘုရားသခင်ကို ချီးမွမ်းကြပါတယ်။ သူတို့ရဲ့ဝိညာဉ်အတွက်မေတ္တာထားစေချင်ကြပါသည်။ ငယ်ရွယ်သူ ကောင်မလေး ကောင်လေးတွေရှိကြပါတယ်။ဆယ့်ခွန်ဆယ့်ရှစ်လောက်ပဲရှိကြဦးမှာပါ။ အခု မျိုးနွယ်စု ဟောင်းကြီးကတော့ နားထောင်ဖို့ကိုတောင်ခက်ခဲပုံရပါသည်။ ခင်ဗျားတို့မြင်တယ်နော်။ အဲဒါက ကျွန်တော်တို့မျာ ဘာအကြောင်းကိစ္စကိုမှ အထွန့်တက်စရာမရှိခြင်းကို ပြသနေခြင်းပင်ဖြစ်ပါသည်။ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းကြရ ပါမည်။ ဟုတ်ကဲ့ ဆရာ။

ကျွန်တော်တို့ဟာ ကျန်တဲ့အမေရိကန်လိုအလုံးစုံသောအရာ၌ ခေတ်မှီလိုကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အဲဒီအတိုင်းသွားစရာအကြောင်းမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ပိုင်ဆိုင်ထားတဲ့အရာနဲ့အတူကျွန်တော်တို့လုပ်ပစ် လိုက် ရပါမည်။

7 ၇။ အခုကျွန်တော်မှာရှိတဲ့အရာလေးတခုက ကျွန်တော်သတိထားမိတဲ့အရာဖြစ်ပြီး ကျွန်တော်ဒီအသင်းတော်မှာ ပြန်ပြီး လုပ်ဆောင်ချင်တဲ့အရာပဲဖြစ်ပါသည်။ ကျမ်းစာအုပ်ဘယ်နှယောက်လောက်ပါကြပါသလဲ။ ခင်ဗျားတို့လက်ကို မြောက် ပြပါ။ ကောင်းပါပြီ။ ကျွန်တော်တို့ မဆုတောင်းခင် ဆာလံ ၉၉ ကို လှန်ကြပါစို့။ ကျွန်တော်တို့ ဒီလိုမျိုးလုပ်နေကြပဲဖြစ်ပါသည်။ ဘရာသာနက်ဖေးရေ နှစ်တွေလည်း လွန်ခဲ့ပါပြီ။ ဘာလဲတော့ကျွန်တော်မသိပါ ... ဒီမနက်လည်း ဆာလံကိုပဲ ခင်ဗျားဖတ်ခဲ့တာလား။ မဟုတ်ဘူး။ ကျွန်တော်အခု ပရိသတ်တွေကို ဆာလံကျမ်းအချို့ကိုဖတ်ကြည့်စေချင်ပါတယ်။

ဒီမနက် ကျွန်တော်ဟာ ဒီသတင်းစကားနှင့်နှုတ်ကပတ်တော်အပေါ်မှာ ကျွန်တော်ရဲ့လေ့လာမှုပြုတဲ့ အခန်းထဲမှာ ပဲ ထိုင်ပြီးလေ့လာနေခဲ့တာပါ။ ကျွန်တော်ထင်ပါတယ်။ ခင်ဗျားသိပါတယ်။ သူတို့ကို ဆာလံတခုလုံးပြန်ဖတ်ခိုင်းတာက ကောင်းပါသည်။ ကျွန်တော် အဲဒီလိုလုပ်တာကို သိပ်ကြိုက်ပါတယ်။အကြောင်းအရင်းက ကျွန်တော်နည်းနည်းနောက် ကျသွားလို့ဖြစ်ပါတယ်။ ချီရီနီကနေကျွန်တော်ကို အဝေးကြီးကနေ ကျွန်တော်ကို ခေါ်ထားကြလို့ဖြစ်ပါသည်။ ဒါကြောင့်အကြောင်းက ကျွန်တော်မှာ ...

အခု ကျွန်တော်တို့ ဒီဆာလံကျမ်းကိုလှန်နေကြစဉ်အခါ ကျွန်တော်တို့ပေးထားတဲ့ ကြေငြာစရာအချို့ရှိနေပါတယ်။ အဲဒါက ဆာလံ ၉၉နော်။

8 ၈။ ‘အခုကစပြီးဒီအသင်းတော်က အစည်းအဝေးတွေနဲ့ပတ်သက်ပြီးတော့ အလုံးစုံသော ကြေငြာစရာတွေရှိပါတယ်ကမ်ပိန်းတွေကတော့ ဂျက်ဗာဆင်ဗေးက ရုံးခန်းကနေ ရောက်လာမှာဖြစ်ပါတယ်’အစည်းအဝေးအကြောင်း သိလိုတဲ့ သူတို့ရဲ့နာမည်နဲ့ လိပ်စာကတ်ကို ဒီနေ့ညအစည်းအဝေးရုတ်သိမ်းချိန်မှာ တရားဟောပလ္လင်မှာ တင်ထားပေးကြရမှာပဲ ဖြစ်ပါတယ်။ဝတ်ပြုအစည်းအဝေးတက်လို့ရမည်။ အစီအစဉ်တွေကို ဆောင်ရွက်ဖို့ရာ ခင်ဗျားတို့အတွက်အချိန်ကျရင် စာ တစောင် ပို့လိုက်မှာပဲဖြစ်ပါတယ်။ ‘အဲဒီလိုမျိုးပါ ဘယ်သူမဆိုရှေ့မှာ ကျွန်တော်တို့ ဘယ်နေရာက အစည်းအဝေးကို တက် လို့ရတယ်ဆိုတာကို သိဖို့ အဲလိုအဲဒီလို ရုံးကနေ စနစ်တကျကို ကျွန်တော်တို့ လုပ်ထားကြတာဖြစ်ပါတယ် ခင်ဗျားတို့ရဲ့နာမည်ကို နေရပ်လိပ်စာကို ထားခဲ့လို့ရပါတယ်။ အချိန်ကျတာနဲ့အစည်းအဝေးဘယ်မှာလုပ်တယ်ဆိုတာကို ခင်ဗျားသိရ ဖို့ ကတ်ပြားတခု ကျွန်တော်တို့ပို့လိုက်မှာဖြစ်ပါတယ်။ အကြောင်းရာတွေကတော့ ရှိကောင်းရှိနိုင်ပါသည်။ အဲ့မှာ ဘာတွေပိုပါလာမလဲဆိုပြီးတော့ဖြစ်ပါသည်။ ခင်ဗျား အခွင့်ရတယ်ဆိုရင် ခင်ဗျားတို့ကြည့်လို့ရမှာပဲဖြစ်ပါသည်။ ဒါကြောင့် အခု ခင်ဗျားတို့ရဲ့နာမည်နဲ့ နေရပ်လိပ်စာကိုဒီမှာ တင်ထားပေးကြပါ။ ဘေးလီပေါက အဲဒါကိုသိမ်းပြီး အဲဒါကို ထုတ်ပေးမှာဖြစ်ပါသည်’

9 ၉။ အခုအဲဒီမှာ ဘယ်လိုပဲပိုလာမည်ဆိုရင်လည်း အဲဒါကိုမေးကြပါသည် ... ‘ဘရာသာဗရမ်ဟမ် ပိုင်းခြားနားလည် တတ်သော စိတ်သဘောနှင့်အတူခင်ဗျားအနာရောဂါငြိမ်းခြင်းအစည်းအဝေးတွေကို ပိုလုပ်ဦးမှာလား’ဆိုပြီးတော့ဖြစ်ပါ သည်။ မလုပ်ပါ။ မဟုတ်ပါဘူး။ ပိုင်းခြားနားလည်တတ်သောစိတ်သဘောကိုကျွန်တော်တို့ရဲ့အခြားသောအဖွဲ့အားဖြင့် ပေး သနားတော်မူတာဖြစ်ပါသည်။ အခု ဒီမှာကျွန်တော်တို့ဟာ ဘရာသာနက်ဖေးကို ရထားကြပြီး သူ့မှာပရောဖက်ပြုခြင်း ဆုကျေးဇူးတခုကိုရထားတဲ့သူဖြစ်ပါတယ်။ နာမကျန်းခြင်းအပေါ်မှာ ပရောဖက်ပြုပါသည်။ သူတို့၏သိဖို့ရာလိုအပ်နေတဲ့ အရာကို သိအောင် သူတို့အား လုပ်ပေးပါသည်။ ကျွန်တော်တို့မှာဟစ်ဂျမ်ဘိုဆန်ဟုခေါ်သော ညီအကိုတယောက်လည်း ရှိပါသည်။ ဘဏ္ဍာထိန်းတဦးလည်းဖြစ်ပါသည်။အဖွဲ့အပေါ်မှာ

ယုံယုံကြည်ကြည် ဖြင့် အစေခံနေတာပဲ ဖြစ်ပါသည်။ ဒီမ နက် သူ့ကိုကျွန်တော်မတွေ့ပါ။ ဒါပေမယ့် များသောအားဖြင့်တော့ သူမှာ အခြားသောဘာသာစကားပြောခြင်းဆုကျေးဇူးကို ပိုင်ဆိုင်ထားပါသည်။ ပြီးတော့ အာဂန်ဘရိုက်လို့ခေါ်တဲ့အမျိုးသမီးလေးလည်း ရှိပါသည်။ ချစ်ဖို့ကောင်းတဲ့အစ်မပါ။ သူ ကတော့ အခြားသောဘာသာစကားပြောခြင်းကို အနက်ပြန်ဆိုတဲ့ ဆုကျေးဇူးကို ပိုင်ဆိုင်ထားပါသည်။ ပြီးတော့အာဂန် ဘရိုက်လို့ခေါ်တဲ့ အမျိုးသမီးလေးလည်းရှိပါသည်။ ချစ်ဖို့ကောင်းတဲ့အစ်မပါ။သူကတော့ အခြားသော ဘာသာစကားပြော ခြင်းကို အနက်ပြန်ဆိုတဲ့ ဆုကျေးဇူးကိုပိုင်ဆိုင်တဲ့သူဖြစ်ပါသည်။

10 ၁၀။ ဒီသတင်းစကားများကဘုရားသခင်ကို ထုတ်ဖော်ပြသစရာအကြောင်းပင်ဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ ဟာတကယ်တမ်းအစီအစဉ်တကျ ထွက်ပေါ်လာကြတာမဟုတ်လို့ပါပဲ။ အခု သူတို့ကို အစီအစဉ်တကျဆွဲထားရပါမည်။မကြာခင် ဒီဆုကျေးဇူးတွေဟာ စပြီး စုဝေးလာစရာအကြောင်းရှိပါသည်။ ကျွန်တော်တို့ အဲဒါကိုအသင်းတော်ကပုံစံအတိုင်း လုပ်ဆောင်ခြင်းထဲကိုရောက်အောင် ပြန်ပြီးတော့ကြိုးစားသွားကြရမှာပဲဖြစ်ပါသည်။ မကြာခင် အဲဒါတွေကို ကျွန်တော် လှုလှုပပပဲမြင်တွေ့ရတော့မှာဖြစ်ပါသည်။ ပြီးတော့ ... ဒါကြောင့် အစည်းအဝေးတွေကိုဘုရားသခင်၏အစီအစဉ်အတိုင်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်သွားလို့ရပါမည်။ကျွန်တော်တို့ အဲဒါကို ပြည့်ပြည့်စုံစုံ လုပ်သွားနိုင်မှာဖြစ်ပါသည်။

ဒါပေမယ့် ဒီလိုချစ်စွာသောလူတွေ့ရှိပါတယ် ... ဒါကြောင့် ကျွန်တော်မိတ်ဆွေတွေကိုပြောတာပါ။ မစ္စဝူဒ် သူ ကတော့ ဒီမှာ မိုက်ကရိုဖုန်း တလုံးကိုချိတ်တတ်တဲ့သူဖြစ်ပါတယ်။ အဲဒီလို သတင်စကားတွေကိုရဖို့ ရည်ရွယ်ချက်ဖြင့် အစည်းအဝေးတွေကို အသံသွင်းဖို့ အဲဒီနောက်မှာ အခွေတခွေရှိပါတယ်။ ပြီးရင် သူတို့ချရေးပါသည်။ သူတို့မှန်လား။ မှား လားဆိုတာကို ကြည့်ပါ။ ကြည့်ကြပါ။ အဲဒါက ဘယ်လိုလဲဆိုရင်အဲဒါတွေကို သူဟာစစ်ရတဲ့သူဖြစ်ပါတယ်။ ကျွန်တော်က မစ္စဝူလို ရိုးသားတဲ့အမျိုးသမီးတယောက်အဖြစ်သိထားပါတယ်။ သူမက ကျွန်တော်ကို အကြောင်းအရာပေါင်းများစွာကိုပြောကြားမှုပြုပါသည်။

11 ၁၁။ အခုအဲဒီအတွက် ကျွန်တော်တို့ ကျေးဇူးတော်ချီးမွမ်းကြပါသည်။ အိမ်မှာရှိတဲ့ကျွန်တော်အတွက် အဲဒါက လွတ် ငြိမ်းချမ်းသာခွင့်ပဲဖြစ်ပါသည်။ အဲဒီနောက် ကျွန်တော်အိမ်မှာနေရတဲ့အချိန်ရှိပါသည်။ အဲဒီပိုင်းခြားနားလည်ခြင်းဆိုတာကပရောဖက်ဘက်ကနေဆိုရင် ကျွန်တော်ကို ချက်ချင်း မျက်ရည်ကျလာစေတဲ့အရာဖြစ်ပါသည်။ဒါကြောင့် ဘုရားသခင်က ကျွန်တော်ကို အဲဒီအတွက် လက်လွှတ်ထားလို့ရတဲ့ကိစ္စအချို့ကိုပေးသနားတော်မူထားတာဖြစ်ပါသည်။ ပရောဖက်ပြု ခြင်းအားဖြင့် ဖြစ်ပါသည်။အခြားသောဘာသာစကားပြောခြင်းနှင့် အနက်ပြန်ဆိုတာတွေကလည်း ပရောဖက်ပြုခြင်းပင်ဖြစ်ပါသည်။ အဲဒီလို ပရောဖက်ပြုခြင်းမှာ အခြားသောဘာသာစကားပြောခြင်းဖြစ်ပါသည် ...

အဲဒီလိုမျိုး ကွဲပြားတဲ့ လူနှစ်မျိုးကပရောဖက်ပြုကြပါတယ်။ တယောက်ကပြောပါတယ် တယောက်က မသိတဲ့ ဘာသာစကားနဲ့ပြောတာကိုနားလည်ခြင်းဖြစ်ပါသည်။ တိကျစွာ ပရောဖက်ပြုတာပဲဖြစ်ပါသည်။

12 ၁၂။ အခုကျွန်တော်တို့မှာ နေ့တိုင်းရှိပါသည်။ ဒီနေရာက အစည်းအဝေးတိုင်းမှာ ကျွန်တော်တို့ဟာကျွန်တော်တို့ရဲ့ ဆုတောင်းရာလိုင်းကြောင်းတွေကို ပေးတဲ့အချိန်ရှိပါသည်။ အခုသည့်နောက် တယောက်ယောက်က ကျွန်တော်ကိုဆု ကျေးဇူးအကြောင်း မေးပါလိမ့်မည်။ ဟုတ်ကဲ့ကျွန်တော်တို့ အဲဒီလိုမျိုးထားရှိပေးပါသည်။ ဒါပေမယ့် ကျွန်တော်သုံးလေ့ရှိ တဲ့တခုသော နည်းလမ်းကတော့ သီးသန့်တွေ့ဆုံမှုတွေကို ကျွန်တော်ထားလေ့ရှိပါသည်။ သူတို့ကိုရစေဖို့ဖြစ်ပါသည် (သူ တို့ အဲဒါကို သတင်းကြေငြာတဲ့အဖွဲ့က နေရသည်ဟု ကျွန်တော်ယုံကြည်ပါသည်) ခွင့်ပြုမိန့်ကိုရဖို့နှင့် ဘေလီပေါက အစီအစဉ် တကျခင်ဗျားတို့ရဲ့အချိန်ကို ကျရောက်စေမှာဖြစ်ပါသည်။ ကျွန်တော်သားဖြစ်ပါသည်။ ဒီအတွက်ဒါမှမဟုတ် ဒီအစည်း အဝေးပွဲများပြီးနောက် အစည်းအဝေးတွေမှာရှိပါမည်။ဘယ်နေရာကိုပဲဖြစ်ဖြစ် ထွက်ခွာကြပါမည်။ ဘေလီပေါက ခင်ဗျား တို့ကို ထုတ်ပေးမည့်ကတ်လေးတော့ ခင်ဗျားတို့မှာရှိရပါမည်။ တခုခုကို ဘဝမှာခင်ဗျားတို့နားမလည်နိုင်ဘူးဆိုရင် အဲဒီ ကနေ ဘယ်လိုထွက်ရမယ်ဆိုတာကို မသိဘူးဆိုရင်ဘုရားသခင်၏ဉာဏ်ပညာကို ခင်ဗျားတို့ရှာဖွေချင်တယ်ဆိုရင် အဲဒီ နောက်မှာ ဘေလီပေါကိုကြည့်ပါ။ ကျွန်တော်သားပါ။ အတွင်းရေးမှူးဖြစ်ပါသည်။ သူက ခင်ဗျားတို့ကိုကတ်ပြားလေးတွေ ပေးပါမည်။ ခင်ဗျားက ရက်တခုနှင့်အချိန်တခုကိုသတ်မှတ်နိုင်မှာဖြစ်ပါသည်။ သည့်နောက် ကျွန်တော်တို့ အဲဒီလို တွေ့ ဆုံမှုလုပ်တဲ့အခါအဲဒီနောက် ကျွန်တော်တို့ အတူတကွ ရောက်လာကြတဲ့အချိန် အဲဒါက ဖြစ်လာမည်ဖြစ်ပါသည်။ အခုခင်ဗျားနှင့် ကျွန်တော် (အမျိုးသမီးတွေရောက်လာရင် ခင်ဗျား ကျွန်တော်ကျွန်တော်ဇနီးနှင့်အတူ အထဲကိုလာပေးပါ) သည့်နောက် ကျွန်တော်တို့ ရှာဖွေမှုပြုကြပါမည်။ဘုရားသခင်ကို ရှာဖွေကြပါ။ ခင်ဗျားလုပ်ရမယ့်အရာအတွက် ကိုယ် တော်ကိုတောင်းလျှောက်ပါ။

13 ၁၃။ အခုအခြားပဓာနမကျတဲ့ကိစ္စတွေရှိပါတယ်။ အဲဒီလိုမျိုး ရှေ့ဆက်သွားရပါမည်။ ဘရာသာနက်ဖေးဆီပေးအပ်မှု ပြုပါမည်။ ဘရာသာဟစ်ဂျန်ဘိုဆန်နှင့် စစ်စတာ၊ အာဂန်-ဘရိုက်နှင့် အခြားအခြားသောဘာသာစကားပြောသူများနှင့် အနက်ပြန်ဆိုသူများရှိပါတယ်။ အဲဒီအရာတွေဒီအသင်းတော်မှာ ဖြစ်ပါမည်။

ဒါကြောင့် ကျွန်တော်တို့ခရီးထွက်လိုကြပါသည် ... တနေ့ ဂျက်ဘရိုက မောရှေကိုထိုသို့ပြောမည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ကြည့်ပါ 'အသက်ကြီးသူအချို့ကိုခေါ်ကြပါစို့ ...' ဘုရားသခင်၏ဝိညာဉ်တော်သည်မောရှေထံမှ ရုတ် သိမ်း၍ အသက်ကြီးသူ ခုနှစ်ဆယ်အပေါ် သက်ရောက်ခြင်းရှိတော်မူပါသည်။သူတို့ဟာ ပရောဖက်ပြုကြပါသည်။ သို့သော် အဓိကကျ၍ ခက်ခဲသောအမှုကိုက မောရှေဆီသို့သာသက်ရောက်ခြင်းရှိပါသည်။ အခု ကျွန်တော်တို့ဟာ မောရှေမဟုတ် ကြပါဘူး။ အဲဒီက အသက်ကြီးသူတွေကလည်းမဟုတ်ကြပါဘူး။ ဒါပေမယ့် ကတိပြုစရာမြေကြီးသို့ ကျွန်ုပ်တို့အား မီးတိုင်တော်ဖြင့်လမ်းပြတော်မူသော ယေဟောဝါဘုရားသခင်ကို အစေခံဆဲဖြစ်ပါသည်။ ဒါကြောင့်သည့်နောက် ဟုတ်ကဲ့ အဲဒီမှာ အခြားတခုဖြစ်လာပါမည် ...အစည်းအဝေးတွေနှင့် အနက်ပြန်ဆိုမှုတွေရှိပါမည် ...ပိုင်းခြားနားလည်ခြင်းများ ရောက်ရှိလာ ပါမည်။ အဲဒါက ဆုတောင်းပြီးနောက်ကျွန်တော်ကို အခွင့်အရေးတခု

ပေးအပ်မှုပြုပါမည်။ ဒီလိုအမေးအဖြေကဏ္ဍတွေရောက်လာမယ်ဆိုတာ ကျွန်တော်ဆီမှာတော့ နေ့တွေကို လေ့လာထားလို့ရပါသည်။ အဲဒီအတွက်ကြိုတင်ပြင်ဆင်မှုပြု ပါသည်။

အခု မှတ်ထားကြပါ။ ဘေးလီပေါ်ဘရမ်ဟမ်ဖြစ်ပါသည်။ကျွန်ုပ်တို့ရဲ့နယ်မြေအတွင်းရေးမှူးဖြစ်ပါသည်။ ဖြစ်လာ ပါမည် ... ဘဏ္ဍာထိန်းအားဖြင့် အဲဒီအနောက်ဘက်ကသင်ပုန်းပေါ်မှာ ကြေငြာချက်ကိုထုတ်ပါမည်။ အဲဒါကိုကြေငြာဖို့ ဒီမှာ ကျွန်တော်မှတ်ထားတာတခုရှိပါသည်။ လူတွေကို အပြင်ထွက်ရင် ကြေငြာချက်ကို ဖတ်သွားကြပါလို့ပြောချင်ပါတယ်။

14 ၁၄။ အခုဒီမနက် ကြီးစွာသောသင်ခန်းစာကို ကျွန်တော်တို့ ရလိုက်ပါတယ်။ ဒီနေ့ည ကျွန်တော်တို့အဲဒီအပေါ်မှာ ဆက် ပြီးတော့ ကြိုးစားသွားကြပါမည်။ ဘုရားသခင်အလိုတော်ရှိရင်ပါ။နောက်အပတ်တနင်္ဂနွေမှာတော့ အဲကို အခြားတခု ဝင် သွားပါမည်။ အဲဒါကိုကျွန်တော်လေ့လာမိဖို့ရာ ဘယ်လောက် နက်နက်သွားရမယ်ဆိုတာ ကျွန်တော်မသိပါဘူး။ အဲဒါကအခုထိ ကျွန်တော်တို့ လျှို့ဝှက်နက်နဲနေစေပါသည်။ ဒါကြောင့် ကျွန်တော် အခုဘုရားသခင်ပေါ်မှာပဲ မှီခိုအားထားမှုပြု ထားပါသည်။

15 ၁၅။ အခုခင်ဗျားတို့ ခင်ဗျားတို့ကျမ်းစာနှင့်အတူရှိကြပါ။ ဆာလံ ကိုးဆယ့်ကိုးကို လှန်ကြပါစို့။ကျွန်တော်က ပထမတ ပိုဒ်ကိုဖတ်ရင် ပရိသတ်ိုက ဒုတိယအပိုဒ်ကိုဖတ်ပါ။ သည့်နောက်နောက်ဆုံးအပိုဒ်ကိုတော့ ကျွန်တော် တို့အတူတကွ ဖတ် ကြပါမည်။ ကျွန်တော်တို့ဆက်သွားကြပါမည်။ ကျွန်တော်က ပထမ ပရိသတ်က ဒုတိယနောက် ကျွန်တော်က အပိုဒ်သုံး ဆိုပရိသတ်ကလေးနောက် နောက်ဆုံးအပိုဒ်ထိသွားပါမည်။ သည့်နောက် ကျွန်တော်တို့အားလုံးအတူတကွ ဖတ်ရှုကြပါမည်။ ကျွန်တော်တို့ ဖတ်ကြားမှုပြုသည့်ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ကျွန်တော်တို့ရပ်တည်မှုပြုကြပါမည်။(၃)ထာဝရဘုရားသည် စိုးစံတော်မူ၏။ လူများတို့သည် တုန်လှုပ်ခြင်းရှိကြစေ။ ခေရုဗိမ်တွင်ကျိန်းဝပ်တော်မူ၏။ မြေကြီးသည် လှုပ် ရှားခြင်းရှိစေ (၂) ထာဝရဘုရားသည်ဇိအုန်တောင်မှာကြီးမြတ်တော်မူ၏။ လူများအပေါင်းတို့သည် ချီးမြောက်ခြင်းရှိတော်မူ၏ (၃)ကြီးမြတ်၍ ကြောက်ရွံ့ဘွယ်သော နာမတော်ကို ချီးမွမ်းကြစေ။ အကြောင်းမူကားနာမတော်သည် သန့်ရှင်း ခြင်းရှိသတည်း။ (၄) တရားကိုနှစ်သက်သောရှင်ဘုရင်၏တန်ခိုးတော်ကို ချီးမွမ်းကြစေ။ ကိုယ်တော်သည် မှန်သောစီရင် ခြင်းကိုတည်စေတော်မူ၏။ ယာကုပ်အမျိုး၌ တရားသဖြင့်ပြု၍ ဖြောင့်မတ်စွာ ဆုံးဖြတ်တော်မူ၏။ (၅)ငါတို့ဘုရားသခင် ထာဝရဘုရားကို ချီးမြောက်ကြလော့။ ခြေတင်ရာခုံအောက်၌ပြပ်ဝပ်ကိုးကွယ်ကြလော့။ အကြောင်းမူကား ကိုယ်တော် သည် သန့်ရှင်းတော်မူသတည်း(၆)ယဇ်ပုရောဟိတ်မောရှေနှင့်အာရုန် နာမတော်ကို ပဌနာပြုသောသူ ရှမွေလ ဤသူတို့သည်ထာဝရဘုရားကို ပဌနာပြု၍ ကိုယ်တော်သည် ထူးတော်မူ၏။(၇) သူတို့အား မိုဃ်းတိမ်တိုင် ထဲကမိန့်တော်မူ၏။ သူတို့ သည်လည်း သက်သေခံတော်မူချက်များကိုင်ငှင်းစီရင်ထုံးဖွဲ့တော်မူချက်များကိုငှင်း စောင့်ရှောက်ကြ၏။(၈) အကျွန်ုပ်တို့ ၏ဘုရားသခင်ထာဝရဘုရား ကိုယ်တော်သည် သူတို့ကိုထူးတော်မူ၏။ သူတို့အမှုကြောင့်အပြစ်ပေးသော်လည်း သူတို့ကို သည်းခံသောဘုရားဖြစ်တော်မူ၏။ (၉)ငါတို့၏ဘုရားသခင်ထာဝရဘုရားကို ချီးမြောက်ကြလော့။ သန့်ရှင်းသောတောင် တော်မှာပြပ်ဝပ်ကိုးကွယ်ကြလော့ အကြောင်းမူကား ငါတို့၏ဘုရားသခင် ထာဝရဘုရားသည်သန့်ရှင်းတော်မူသတည်း။

16 ၁၆။ ကျွန်တော်တို့ခေါင်းကိုင်ငုံ့ထားကြပါစို့။ သမ္မာတရားဖြစ်တော်မူသော ဘုရားသခင် ဆာလံကျမ်း၌ရှိသော ဤသို့ သောနှုတ်ကပတ်တော်များကို ကိုယ်တော်၏ကျွန် ဒါဝိတ်အားဖြင့် ရေသားမှုပြုကာကဗျည်းတင်တော်မူသော ဤသို့သောနှုတ် ကပတ်တော်တို့သည် ကိုယ်တော်၌ပြည့်စုံပါစေသော။ကိုယ်တော်ရှင်သည် ခေရုဗိဒ်တို့အကြားမှာ ကိန်းဝပ်တော်မူပါသည်။ ကိုယ်တော်သည် သန့်ရှင်းတော်မူ၍ကိုယ်တော်၏တောင်ကုန်းသည် သန့်ရှင်းတော်မူပါသည်။ ကျွန်ုပ်တို့နှလုံးသားကို ယေရှုဘုရား၏အသွေးပက်ဖြတ်ခြင်းဖြင့်ငှင်း စင်ကြယ်သောစိတ်ဝိညာဉ်ဖြင့်ငှင်းယုံကြည်ခြင်းဖြင့်ငှင်း ကျွန်ုပ်တို့အား ဆက်လက် ၍ ရေးဆွဲခွင့်ပြုတော်မူပါ။ကျွန်ုပ်တို့အား ကျွန်ုပ်တို့ဘုရားသခင်၏ဖြစ်စဉ်ထဲသို့ ဝင်ရောက်နိုင်စေဖို့အာမခံချက်ရှိစေတော် မူပါ။ ဒီမနက် ဒီပရိသတ်အားလုံးကိုရှိသေလေးမြတ်ခြင်းရှိစေတော်မူပါ။ ကျွန်ုပ်တို့၏ နားများကို နားလည်အောင် ဖွင့်လှစ်ပေးတော်မူပါ။ ဤသို့သောနေ့ရက်ကာလ၌ ကျွန်ုပ်တို့ကိုယ်၌ မည်သို့မည်ပုံကျင့်ကြံရမည်ကိုသိနိုင်ဖို့ရာ ဉာဏ်တော်ဖြင့် ကျွန်ုပ်တို့အား စကားပြောတော်မူ၏။ ကိုယ်တော်၏ဖြစ်တည်တော်မူခြင်း၌ တည်စေတော်မူပါ။

17 ၁၇။ ကျွန်ုပ်တို့ကိုယ်တော်ကို တောင်းလျှောက်ကြပါ၏။ ကျွန်ုပ်တို့၏ဘုရားသခင် အလုံးစုံသောဤသို့သောနှစ်ကာ လများတောက်လျှောက် ဤသို့လျှို့ဝှက်ထားသောအရာများကို ကျွန်ုပ်တို့အားရှင်းလင်းဖွင့်ဆိုပြတော်မူပါ။ ကျွန်ုပ်တို့ဟာ အရိုးသားဆုံးအရာထဲက ဖြစ်သည့်အတည်ကြည်အလေးနက်ဆုံး စကားလုံးများထဲက တခုဖြစ်သည့်အရာဆီသို့ ချဉ်းကပ်မှုပြုကြပါသည်။ ကိုယ်တော် ကမ္ဘာမြေကြီးပေါ် ကြွလာတော်မူစဉ်အခါက ထိုသို့သောအရာကိုမိန့်တော်မူခဲ့ပါသည်။ ‘အ ကြင်သူသည် ဖတ်၍ သူ့အားနားလည်ခွင့်ပြုမည် ’ ဟုဆိုခဲ့ပါသည်။ ဒါကြောင့် ကျွန်တော်တို့ အသရေအရှိဆုံးသော ကိုယ် တော်ဆီသို့ရောက်လာကြပါ၏။ ဘုရားသခင် ကိုယ်တော်၏ဉာဏ်တော်ကို ရှာဖွေမှုပြုကြပါသည်။ အခုဘာပြောရမလဲ ဆိုတာ မသိပါဘူး။ ဒီက နှုတ်ကပတ်တော်အချို့ကို အစီအစဉ်တကျ ရှိစေတော်မူပါ။အဖြေအတွက် ကိုယ်တော်အပေါ်မှာ ပဲ ရိုသေလေးမြတ်စွာဖြင့် အလုံးစုံမှီခိုမှုပြုပါသည်။အခြားရည်ရွယ်ချက်အတွက် မဟုတ်ပါဘူး။ ကျွန်တော်တို့ ရှင်သန်နေကြရ သော အချိန်နာရီကိုကျွန်တော်တို့ သိဖို့ရာအတွက်ဖြစ်ပါသည်။ ရှေ့မှာရှိတဲ့ ကြီးမြတ်သော အရာများအတွက်ကျွန်တော် တို့ ပြင်ဆင်မှုပြုကြရပါမည်။ ကိုယ်တော်ရှင် ထိုသို့သောအရာကိုကျွန်ုပ်တို့အားချပေးသနားတော်မမူဘူးလား။ ဘုရားသခင်။ အလုံးစုံသောအရာကိုကျွန်ုပ်တို့အား သွန်သင်မှုပြုတော်မူသည့် ကိုယ်တော်၏နာမတော်မြတ်၌ ဒီလိုမျိုးကျွန်ုပ်တို့ ဆု တောင်းမှုပြုသင့်ကြပါသည် (ပရိသတ်တို့ ဘုရားသခင်၏ ပဌာနာပြုရာအစည်းအဝေးကို ဆက်သွယ်မှုပြုကြပါ)

... ကောင်းကင်ဘုံ၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖကိုယ်တော်၏နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော။

နိုင်ငံတော်တည်ထောင်ပါစေသော။အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့် စုံပါစေသော။

အသက်မွေးလောက်သောအစာကို ကျွန်ုပ်တို့အားနေ့ရက်စဉ်တိုင်း ပေးသနားတော်မူပါ။

သူတပါးသည် ကျွန်ုပ်တို့အားပြစ်မှားသောအပြစ်များကို ကျွန်ုပ်တို့ လွှတ်သကဲ့သို့ ကျွန်ုပ်တို့၏အပြစ်များကိုခွင့် လွှတ်တော်မူပါ။

အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲမကောင်းသောအမှုမှ ကယ်နှုတ်တော်မူပါ။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်တို့သည် ကမ္ဘာအဆက်ဆက် ကိုယ်တော်၌ရှိပါစေသော။ အာမင်။

ခင်ဗျားတို့ ထိုင်လို့ရပါပြီ။

18 ၁၈။ အခုဘယ်အမျိုးသားမဆို ခင်ဗျားတို့ရဲ့ကုတ်အင်္ကျီကို ချွတ်လိုကြတယ်ဆိုရင် အခုကြိုဆိုမှုကို ခံစားကြပါမည်။ အဲဒီ လူတွေက နံရံနားမှာ မတ်တပ်ရပ်နေကြပါတယ်။ခင်ဗျားတို့ခြေထောက် ကိုက်ခဲနာကျင်မယ်ဆိုရင် ဘာဖြစ်လို့လဲဆိုရင် အပြင်ထွက်ဖို့လွတ်လွတ်လပ်လပ် ခံစားနေလိုက်ပါ။

ပြီးတော့အခု ကလေးတွေသူတို့အခန်းများဆီသို့ သွားချင်ရင်လည်း ကျွန်တော်ထင်ပါသည် ... ဒါမှမဟုတ် သူ တို့ ကိုအစကတည်းက ထွက်ခိုင်းထားပြီးသားလား။သင်းအုပ်ဆရာ ပြောတာကတော့ သူတို့ကို အစကတည်း ကထွက်ခိုင်း ထားပြီးဦးထားကြပြီးသား ဒါကြောင့်ကျွန်တော်တို့ ဒီဟာလေးအတွက် ဆန်းဒေးစကူးမရနိုင်တော့ဘူး ဆိုပြီးတော့ပါ။ အခုဒီမိတ်ဆွေလေးတွေ ကျွန်တော်တို့နဲ့ ပူးပေါင်းမယ်ဆိုရင် ကျွန်တော်တို့ဝမ်းမြောက်ကြရပါမည်။ ဒီမနက်ခင်းမှာ ကျွန်တော် တို့ ရှိနေကြသလိုမျိုးပါပဲ ... ကြီးမြတ်မှုတခုကို အစပြုနေပါပြီ။ ကျွန်တော်သေချာစေသည့်ထိတ်လန့်ချောက်ချားစရာ သတင်း စကားကတော့ ခင်ဗျားတို့ အဖေ၊ အမေ ဒီနေရာမှာရှိတဲ့ခင်ဗျား ချစ်သူတဦးတယောက် ခင်ဗျားရဲ့ကလေးလေးတွေမှာ တောင် ကြီးမြတ်သောပတ်သက်ဆက်နွယ်မှုရှိသည်ဟုဆိုလိုပါသည်။ ဒါကြောင့် ကျွန်တော်တို့ အလွန် ရိုသေလေးမြတ်စွာဖြင့် ချဉ်းကပ်မှုပြုကြပါမည်။

19 ၁၉။ ဘုရားသခင်အလိုတော်ရှိလျှင်ဒီမနက် ကျွန်တော်တို့ ဒံယေလ၏သီတင်းခုနှစ်ဆယ်အကြောင်းကို ယူပါမည်။ ဒီ မနက်ကျွန်တော်တို့ ချုပ်နှောင်ခံရခြင်း၌ရှိသော ဒံယေလအကြောင်း ပြောသွားကြပါမည်။ဂါဗြေလဟာ အနာဂတ်အ ကြောင်း သူကို ညွှန်ကြားဖို့ရာ အထဲကို ပုံသန်းရောက်ရှိလာပါသည်။ဒံယေလ ဆုတောင်းနေစဉ်အခါ ဂါဗြေလက ကောင်းကင်တ မန်ဖြစ်ပါသည်။ သူတို့ ညွှန်ကြားဖို့အထဲသို့ ရောက်လာပါသည်။ ဒီည ကျွန်တော် ‘ခေါက်လိပ်ထားတာ ရည်ရွယ်ချက်ခြောက်ချက်အတွက် သူ၏ရောက်လာခြင်း ’ အကြောင်းကို ပြောကြားမှုပြုလိုပါသည်။ဒီနေ့ည ကွဲပြားတဲ့အကြောင်းအရာ ခြောက်ခုကို ယူလာစရာအကြောင်းရှိပါသည်။ အဲဒီလိုကနေဂါဗြေလ ရောက်လာပါသည်။

နောက်တနင်္ဂနွေဘုရားသခင်အလိုတော်အတိုင်း အကြောင်းပြချက်နှင့် အသင်းတော်ခေတ်ကာလခုနစ်ပါး၏ အချိန်နာရီရှိတဲ့နေရာကို သွားလိုပါသည်။ သူတို့ရှိတဲ့အချိန်နာရီက ဘာဖြစ်ပြီး ဒီကနေကျွန်တော်တို့ဟာ ဘယ်နေရာမှ ရပ် တည်နေကြခြင်းဖြစ်ပါသလဲ။ အဲဒါက နောက်အပတ်တနင်္ဂနွေမနက်မှာ ရှိပါမည်။ ဘုရားအလိုတော်အတိုင်းပါပဲ။

20 ၂၀။ အခုဒီအကြောင်းအရင်းက ... ကျွန်တောနောက်ဆုံး သတင်းစကားအချို့ကနေမှတ်ချက်အချို့ကို ယူလာတာ ဖြစ်ပါသည်။ ဒီမနက်တော်ကျွန်တော်တကျော့ပြန်သွားတဲ့အကြောင်းက တယောက်ယောက်က သူတို့ပထမဆုံး တိပ် ခွေကိုနားထောင်မှုပြုကြပါမည်။ ကျွန်တော် တခုခုကို ပြန်ညွှန်းတဲ့အခါ ကျွန်တော်ဆိုလိုတာကိုနားလည်ချင်မှ နားလည်ကြမှာ ဖြစ်လို့ပါပဲ။

အခု ကျွန်တော်တို့ ဗျာဒိတ်ကျမ်းကိုငှင်းယေရှုခရစ်တော်၏ ဗျာဒိတ်ကျမ်းကိုငှင်း လေ့လာခဲ့ကြသည်မှာ လနဲ့ချီ ပြီးရှိခဲ့ကြပြီဖြစ်ပါသည်။ ကျွန်တော်တို့ ခေတ်ကာလများတောက်လျှောက် ရောက်ခဲ့ကြပြီးဖြစ်ပါသည်။ ဗျာဒိတ်ကျမ်း၏ ပထမအခန်းကြီး သုံးခန်းက အသင်းတော်ခေတ်ကာလတွေဖြစ်ပါသည်။ သည့်နောက် ယောဟန်ကအခန်းကြီးလေးနှင့်ငါး မှာဖမ်းထားတာရှိပါသည်။ တမလွန်မှာဖြစ်မည့် အကြောင်းအရာတွေကိုပြထားတာဖြစ်ပါသည်။ အခု အခန်းကြီးခြောက် မှာတော့ သူက ကမ္ဘာကြီးထဲကို ပြန်ပြီးတော့ဖြစ်လာမည့် အရာများကို ကြည့်လို့ရအောင် အခန်းကြီးခြောက်ကနေ အခန်း ငယ်တစ်အခန်းကြီးဆယ့်ကိုး၊ အခန်းငယ် နှစ်ဆယ့်တစ်အထိ တစက်စက်နှင့်ချပြထားပါသည်။ ဒီမှာတံဆိပ်များ ကပ်ရော ဂါများ ဝမ်းနည်းပူဆွေးမှုများ ကျိုင်းကောင်များ နေ၌ရှိသောမိန်းမအနီရောနဂါးကို နှင်ထုတ်ခြင်း ၁၄၄၀၀၀ သောသူ ကို အဝေး၌ တံဆိပ်ခတ်ခြင်းနှင့်ဤသို့သောအကြောင်းအရာများ ရောက်လာပါပြီ။

21 ၂၁။ ဒါကတော့အံ့ဩထိတ်လန့်စရာ ရက်သတ္တပတ်တာ လေ့လာမှုပြုခဲ့ကြတဲ့အရာပဲဖြစ်ပါသည်။ မနေ့က တနေ့လုံးကျွန်တော်အခန်းကနေ ခက်ခက်ခဲခဲ ရှေ့လျှားမှုပြုခဲ့ကြပါသည်။ လေ့လာဖို့ကြိုးစားမှုပြုခဲ့တာဖြစ်ပါသည်။ အဲဒီလို တခုခု က ...နောက်ဆုံးအချိန် များစွာသောအချိန်ဟောင်းက လူတွေကိုလည်း ဒီမှာကျွန်တော်သင်ကြားပေးခဲ့ပြီးပါပြီ။ ကျွန်တော် အခုပြောခဲ့တာက ‘ဒီနေရာမှာပါဝင်သည့် ဒံယေလ၏သီတင်းအပတ်ခုနှစ်ဆယ်အကြောင်းကိုဖြစ်ပါသည်။ဒါပေမယ့် ကျွန်တော်အဲဒါကို တိုက်ခိုက်ဖို့ မကြိုးစားခဲ့ပါဘူး။ ရှင်းပြဖို့ပဲလုပ်တာပါ။ ဒါပေမယ့် ဒီအချိန်မှာတော့ ဘုရားသခင်၏ကျေး ဇူးတော်အားဖြင့်ကျွန်တော်ကိုယ်၌က လူတို့ထံ ဆောင်ယူပေးရမည့်ကျေးဇူးတော်အကြောင်းကိုမေးလျှောက်ဖို့ရာ ကြိုး စားစရာအကြောင်းရှိပါသည်။ ဒီမှာကျွန်တော်မသိတဲ့ ကိစ္စများအကြောင်းကို ကျွန်တော်ရှာဖွေမှုပြုရပါမည်။ ’

22 ၂၂။ ပြီးတော့ကျွန်တော် ဒေါက်တာလာကင်း၏စာအုပ် ဒေါက်တာစမစ်၏စာအုပ် ဒေါက်တာ စကော့ဖီး၏မှတ်ချက်များနေရာဒေသအသီးသီးက လူတွေရဲ့ မတူညီသောဖွင့်ဆိုချက်တွေကို ဖတ်ခဲ့ပြီးဖြစ်ပါသည်။ အခုထိကျွန်တော်ဟာ သူတို့ရဲ့ အမှန်ဆိုပြီး ထုတ်ထားတာတွေနှင့် အတူတူပဲလို့သဘောမထားနိုင်သေးပါဘူး။ ကြည့်နော်။ ဒါကြောင့် ဒီအပတ် ကျွန်တော် စီစဉ်ထားပါတယ် ... ကမ်တာတီက ရှေးဟောင်း ပြက္ခဒိန်နှင့်အချိန်နာရီဆိုင်ရာနက္ခတ်ဗေဒ စာကြည့်တိုက်တခုခုကို သွား

ရောက်မှုပြုခဲ့ပါသည်။ စာကြည့်တိုက်နှင့်ထိုသို့သောအရာများကနေ ကောက်နုတ်ထားတာဖြစ်ပါသည်။ ကျွန်တော်နိုင်သလောက်တော့ရေးစာအုပ်အားလုံး ကျွန်တော်လုပ်နိုင်သလောက်လေးတော့ လုပ်ပါသည်။ အဲဒီကိစ္စကိုကျွန်တော်အား ဖော်ပြဖို့ ကျွန်တော်ရဲ့ယုံကြည်ခြင်းကို ယေရှုခရစ်တော်၌အပ်ထားအနက်ထားရှိမှုပြုပါသည်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီအကြောင်းကျွန်တော်မပြောချင်လို့ပဲဖြစ်ပါသည်။ 'ကျွန်တော် ဒါကိုသိတယ်ကျွန်တော်အဲဒါကိုသိတယ် (ကိုယ်တော်က ကျွန်တော်နှလုံးသားကိုသိပါတယ်။ ကိုယ်တော်ကကျွန်တော်ကို ကြားနာမှုပြုပါသည်)' ဆိုပြီးတော့မှ မပြောချင်လို့ပါ။ ဒါ ပေမယ့်ကျွန်တော်က ကိုယ်တော်လူတို့အတွက် အလင်းဖြစ်စေလိုပါသည်။ ဒါကြောင့် ကိုယ်တော်ကကျွန်တော်ကို အဲဒါကို ပေးသနားတော်မူမည်ဟု ကျွန်တော်ယုံကြည်ပါသည်။ အခုထိကျွန်တော်မသိသေးပါဘူး။ ဒါပေမယ်ံ့ နောက်အပတ်တန ဂ်နွေအတွက် ကိုယ်တော်ကိုကျွန်တော်ယုံကြည်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက ကြောက်စရာအပိုင်း ဖြစ်လာမှာဖြစ်လို့ပါပဲ။ နောက်အပတ်တနင်္ဂနွေမှာသိရမှာဖြစ်ပါတယ်။ အဲဒီသတင်းအပတ် ခုနှစ်ဆယ်အကြောင်းနေရာကျပါမည်။

တခုစီက မတူညီတဲ့တနေရာစီမှာဖြစ်ပါတယ်။ခင်ဗျားလုပ်တဲ့ခါကျတော့ ခင်ဗျားတို့ တောက်လျှောက် သွားရမှာ ဖြစ်ပါတယ်။ သူတို့မှန်မှန်ကန်ကန် ထုတ်မှာမဟုတ်ပါဘူး။ သူတို့ မှန်မှန်ကန်ကန်မှတ်ပုံတင်မထားပါဘူး။ အဲလိုမလုပ်နိုင် ပါဘူး။ ဒါကြောင့် ကျွန်တော်လည်း အဲဒါကိုမှန်အောင် လုပ်နိုင်ချင်မှလည်း လုပ်နိုင်ပါမည်။ ဒါပေမယ့် အဲဒီအတွက် ကျွန်တော်ဟာဘုရားသခင်ကို ဆက်လက်၍ ယုံကြည်သွားစရာအကြောင်းရှိပါတယ်။

23 ၂၃။ ကျွန်တော်တချိန်က ရှောလမုန်မင်းကြီး ဘုရားသခင်ထာဝရဘုရားကို ဆုတောင်းပဌာနပြုသောအရာကို အောက်မေ့မိပါသည်။ ကိုယ်တော်က သူ့အား ဉာဏ်ပညာကို ပေးသနားတော်မူတယ်ဆိုရင်ပါ။သူ့အတွက်သူရတာမဟုတ်ပါ။ နေ့ ရက်ကာလကို တိုးချဲ့မှုပြုခဲ့ခြင်းကြောင့်မဟုတ်ပါ။အသက်တာရှည်၍လည်းမဟုတ်ပါ။ ချမ်းသာ၍လည်းမဟုတ်ပါ။ သို့သော် သူဟာ ဘုရားသခင်၏ လူတို့ကိုမည်သို့မည်ပုံ တရားစီရင်ရမယ်ဆိုတာကို သိသည့် ဉာဏ်ပညာကို ရရှိတဲ့အတွက်ဖြစ်ပါ မည်။ဘုရားသခင်က ထိုသို့သောဆုတောင်းချက်ကို အလေးထားတော်မူပါသည်။ထိုသို့သောဉာဏ်ပညာကိုရှောလမုန်အား ပေး သနားတော်မူပါသည်။ ဘာဖြစ်လို့လဲဆိုရင်ကိုယ်တော်ရဲ့လူတွေအတွက်ဖြစ်နေလို့ပါပဲ။ အဲဒါက ဘုရားသခင်အား ကျွန်တော်ဤသို့သောသီတင်းအပတ်ခုနှစ်ဆယ်အကြောင်းကို သိခွင့်ပေးဖို့ တောင်းလျှောက်ရသည့်အကြောင်းအရင်းပဲဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက ကျွန်တော်တို့အသက်ရှင်နေတဲ့ခေတ်ကာလအတွက်ပြက္ခဒိန်အတိအကျကို ကျွန်တော် သိ ရမှာဖြစ်လို့ပါပဲ။ ဒါကြောင့် အဲဒါကိုကျွန်တော်သိချင်တာဖြစ်ပါသည်။ ကျွန်တော်အတွက်မဟုတ်ပါဘူး။ ကျွန်တော်က ... ကျွန်တော်အတွက် ဖြစ်စေတာမဟုတ်ပါဘူး။ တကယ်ပဲ ကျွန်တော်ဟာအဲဒါကို သိချင်ပါတယ်။ အဲဒါကိုအဲဒီအတိုင်း ကျွန် တော်ပြောမှာမဟုတ်ပါဘူး။ 'ကျွန်တော်အတွက်လည်း မဟုတ်ပါဘူး ' ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ဟာအဲဒါကို ကျွန် တော်အတွက် လိုချင်တာမဟုတ်လို့ပါပဲ။ ကျွန်တော်သိချင်ပါတယ်။ဘာဖြစ်လို့လဲဆိုရင် ကျွန်တော် ဘယ်နေရာမှာ အသက် ရှင်တယ် ဘယ်အချိန်ကာလမှာအသက်ရှင်လဲဆိုတာကို ကျွန်တော် သိချင်လို့ပါပဲ။ သည့်နောက် အဲဒါကို ပေးသနားတော်မူမယ်ဆိုတာကို ကျွန်တော်သိပါသည်။

24 ၂၄။ မတူတာတခုကအဲဒါကို ပုံစံထုတ်ပြခဲ့ပြီးပါပြီ။ သူတို့က အဲဒါကို အဝေးမှာပြန်ရှိစေပါသည် ... တခါက ကျွန်တော် ဟာ ၁၉၁၉ အဆုံးပိုင်းလောက်မှာ အဲဒါအားလုံးကိုဖတ်ခဲ့ဖူးပါသည်။ သီတင်းအပတ်ခုနှစ်ဆယ်ကိုပါ။ ကောင်းပါပြီ။ အဲဒါ ကအဲဒီလိုမဟုတ်ပါဘူး။ ရက်သတ္တပတ်ခုနှစ်ဆယ်ကြာပြီးနောက် ... သီတင်းအပတ်ခုနှစ်ဆယ်လွန်ပြီးနောက် အားလုံးဟာအဆုံးသတ်သွားခဲ့ပါသည်။ ဒါကြောင့် ကျွန်တော်တို့ အမှန်ကို သိချင်ကြတာဖြစ်ပါသည်။ဘုရားသခင် ကျွန်တော်ကို သမ္မာ တရားကို ပေးသိဖို့ ဆုတောင်းမှုပြုပါသည်။

25 ၂၅။ အခုဒါကို အစီအစဉ်တကျ ပြန်ထားထားပါမည်။ ပြန်ပါမည်။ ကျွန်တော် နည်းနည်းလောက် ပြန်ပြီးရွတ်ချင်ပါ သည်။ ဒါကြောင့် ကျွန်တော်တို့ တို့ထားတဲ့ မှတ်ချက်အချို့ရှိပါတယ်။အဲဒါက ကျွန်တော်တို့ ငါးမှာ ... အခန်းကြီးလေးနဲ့ငါးမှာလုပ်ခဲ့ကြတာဖြစ်ပါသည်။ ဒါကြောင့် လူတွေနားလည်ကြပါမည်။

ပထမ ကျွန်တော်တို့ ဒါကိုမလုပ်ခင် လေးကနေခင်ဗျားတို့ စမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်က အဲဒါကို ပြန် ရစ်ချင်ပါတယ် ... အခု မှတ်ထားကြပါ။ အခန်းကြီးလေးကလောဒကိအသင်းတော်ခေတ်ကာလဖြစ်ပါသည်။ အသင်းတော် က လောဒကိအသင်းတော်ခေတ်ကာလမှာ အထက်ကိုတက်ရမှာဖြစ်ပါသည်။

26 ၂၆။ အခုအဲဒီအကြောင်း ကျွန်တော်ဇနီးကို တခုခုရှင်းပြဖို့ ကျွန်တော်ကြိုးစားမှုပြုခဲ့ပါသည်။ကျွန်တော်မှာ ဘက်ကီ ဆိုတဲ့ သမီးရှိပါတယ်။ ကျွန်တော်တို့ရနိုင်တဲ့ ကွဲပြားတဲ့အဘိဓာန်ပုံစံအားလုံးရှိပါတယ်။ အဲဒါတွေက အဖြေပေးမှာမဟုတ်ပါဘူး။ ကျွန်တော်မှာသမ္မာကျမ်းစာအဘိဓာန်ရှိပါတယ်။ ကျွန်တော်မှာ ဂရိအဘိဓာန်အဟောင်းရှိပါတယ်။ ကျွန်တော်မှာဝက်စ်ဘာနှင့်အခြားမြောက်များစွာသော ခေတ်သစ်အဘိဓာန်တွေရှိပါတယ်။ အဲဒါအခုကမှုစကားလုံးတွေ ဒါမှမဟုတ် အဖြေ ကို ဘယ်ပုံဘယ်နည်းနဲ့မှ ပေးနိုင်မှာမဟုတ်ပါဘူး။

ကျွန်တော်ဇနီးက 'ရှင်ကျွန်မတို့လူတွေကို ဘယ်လိုမျှော်လင့်ထားသလဲ သူတို့ဟာ ဆင်းရဲသားတွေဖြစ်တယ် လေ မြောက်များစွာသောသူတို့ဟာကျွန်မတို့လိုပဲ ပညာမတတ်ကြဘူးလေ။ အဲဒီလိုမျိုးကို နားလည်ဖို့ကတော့' လို့ပြောပါသည်။

ကျွန်တော်က 'ဘုရားသခင်အဖြေပေးမှာပေါ့' လို့ပြောခဲ့ပါတယ်။ အဲဒါက ဘယ်လောက် ရှုပ်ထွေးနေပေမယ့် ကိစ္စမရှိပါဘူး။ ဘုရားသခင်က အဲဒါကို ဖြေရှုပစ်နိုင်ပါသည်။ အဲဒါကို ရိုးရှင်းအောင်အမှုပြုတော်မူနိုင်ပါသည်။ ကျွန်တော်တို့ဟာ အဲဒီလို မျှော်ပြီး ဆုတောင်းနေကြတဲ့လူတွေရဲ့တစိတ်တဒေသဖြစ်တဲ့အတွက် အဲဒီနေ့နှင့် အဲဒီအချိန်နာရီအတွက် ကျွန်တော်တို့ရဲ့မျက်လုံးများကို

ကောင်းကင်ဆီသို့ ကြည့်ကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့ဟာကိုယ်တော်၏ကြွလာ တော်မူခြင်းအတွက် စောင့်မျှော်နေကြတာဖြစ်ပါသည်။ ကိုယ်တော်ကကျွန်တော်တို့အား ပြသတော်မူမယ်ဆိုတာကို ကျွန်တော်သေချာစေပါမည်။ အခု ထိုအရာကကျွန်တော်တို့ကို နေ့နှင့်အချိန်ကိုတော့ ပြောမှာမဟုတ်ပါဘူး။ ဘာဖြစ်လို့ လဲဆိုရင်အဲဒါကို ဘယ်သူမှ မသိကြလို့ပဲဖြစ်ပါသည်။ ဒါပေမယ့် အဲဒါကကျွန်တော်တို့အသက်ရှင်နေကြသည်။ ရက်သတ္တ ပတ်ကိုတော့ အတိအကျပြောကြားမှုပြုမှာဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့အခု ရနိုင်မယ်ဆိုရင်ပါ။

27 ၂၇။ အခုအခန်းကြီးလေးမှာတော့ အသင်းတော်ရုတ်သိမ်းပြီးတာနဲ့ ချက်ချင်း ယောဟန်ကိုသိမ်းဆည်းပစ်ခဲ့ပါတယ်။ ယောဟန် တက်သွားခဲ့ရပါတယ်။ သူဟာ ပြီးပြည့်စုံတဲ့အသင်းတော်ခေတ်ကာလကို မြင်တွေ့ခဲ့ရပါသည်။ ကြီးမြတ်သော အရာအချို့ကိုစောင့်မျှော်နေတဲ့ မြောက်များစွာသောလူတို့ကို ဒုတိယတခုကိုပြောဖို့ အဲဒီနေရာမှာကျွန်တော်ရပ်ပစ်လိုက် ချင်ပါသည်။ ကြောက်စရာကြီးပါ။ တန်ခိုးကြီးတဲ့ တစုံတခုဟာတပါးအမျိုးသားခေတ်ကာလ၌ ဖြစ်မယ်ဆိုတာက လုံး၀ မှားယွင်းပါသည်။ ဗျာဒိတ်ကျမ်း၊အခန်းကြီး ၁ ကနေ အခန်းကြီး ၃ အထိက အသင်းတော်ခေတ်ကာလအတွင်း အလုံးစုံ သောထိုအရာများတပါးအမျိုးသားတို့ စိုးမိုးစဉ်အတောအတွင်း ဖြစ်မည်ဟု မှတ်တမ်းတင်ထားပါသည်။ပါဝင်နေပါသည်။ အဲဒီနောက် အသင်းတော်မှာ ချီဆောင်ခြင်းရှိပါမည်။ အထက်သို့တက်ရပါမည်။ အခန်းကြီးဆယ့်ကိုးရောက်တဲ့အထိ ဒီ ကျန်တဲ့အရာတွေကတော့ဂျူးမျိုးနွယ်စုထံဖြစ်ပျက်မည့်အရာဖြစ်ပါသည်။ အသင်းတော်ရုတ်သိမ်းပြီးနောက် အဲဒီလိုကြီး စွာသောဒုက္ခဆင်းရဲခြင်း အချိန်ကာလရှိပါမည်။ တပါးအမျိုးသားတို့အကြားဘာမှဖြစ်စရာအကြောင်းမရှိပါဘူး။ သတ်ဖြတ် ခြင်းနှင့် ထိုသို့သောအရာများဖြစ်ပါမည်။ကျွန်တော်တို့ အဲဒီကိုရောက်ကြရတာ မြင်ကြရပါမည်။

ဒါပေမယ့် အသင်းတော် ကိုယ်၌က ဆယ့်သုံးမှာသွားထားတာက … လောဒကိအသင်းတော်ခေတ်ကာလ အဆုံး သတ်တဲ့အခါဗျာဒိတ် အခန်းကြီး သုံးနောက်ဆုံးအပိုဒ်မှာဖြစ်ပါတယ်။ အဲဒါက နောက်ဆုံးပဲဖြစ်ပါသည်။

28 ၂၈။ ကျွန်တော်တို့အသင်းတော်ခေတ်ကာလတိုင်းကို အချိန်နာရီတိုင်း အဖြစ်အပျက်တခုစီတိုင်း ကြယ်တခုစီသတင်း စကားတခုစီ သူတို့ရဲ့သဘာဝ သူတို့ရဲ့လုပ်ဆောင်ချက်များကိုအချိန်ယူခဲ့ပြီးဖြစ်ပါသည်။ အလွန်တရာသော နောက်ဆုံး တခုထိ သမိုင်းတောက်လျှောက်အဲဒါတွေကို အမှန်တကယ် သယ်ဆောင်လာခြင်းဖြစ်ပါသည်။ အဲဒီလို နံရံပေါ်မှာ ရုပ်ပုံ ကိုအမှန်တကယ် ရေးဆွဲမှုပြုခဲ့ပါသည်။ ကျွန်တော်တို့ပြီးသွားတဲ့အခါသန့်ရှင်းသောဝိညာဉ်တော်က အထဲကိုရောက်လာပြီး နံရံပေါ်မှာ တူညီတဲ့အကြောင်းတရားစက်ဝန်းတခုကို ရေးဆွဲမှုပြုပါသည်။ ဒီနေရာမှာ ကျွန်ုပ်တို့အားလုံးဆီသို့ ကိုယ်တော်ကိုယ်၌ ထိုအရာကို ဖွင့်ဆိုပြတော်မူမည်ဖြစ်ပါသည်။

အခု ဒါကိုအမှုပြုခြင်းအရာ၌ဤသို့သောအဆုံးသတ်၌ ကိုယ်တော်ရှင်သည် ကြောက်မက်ဖွယ်ရာ တစုံတခုသော အရာနှင့်ရောက်လာကာ ကျွန်ုပ်တို့အား တဖန်ပြသတော်မူမည်ဟု ကျွန်တော်ယုံကြည်ပါသည်။ အဲလိုကျွန်တော်တို့ဟာ အဆုံးသတ်အချိန်နာရီ၌ ရှိနေကြတာဖြစ်ပါသည်။

29 ၂၉။ ခင်ဗျားတို့ကနေဒီရဲ့ … သမ္မတ ကနေဒီရဲ့ဟောပြောရှင်းလင်းချက်နှင့်ထိုသို့သောအရာကို ဘယ်နှယောက်လောက် ကြားဖူးကြပါသနည်း။ဒီဟောကိန်းကို ဘယ်နှယောက်လောက် ကြားဖူးကြပါသနည်း။ ဇန်န၀ါရီ၁ရက်နေ့မှာ ယူနိုက်တက်စတိတ်ကော ရုရှားပါ မီးတောင်ပေါက်ကွဲမယ်လို့ ဒီလိုဟောကိန်းထုတ်တာကိုဘယ်နှယောက်လောက် ကြားဖူးကြပါသနည်း။ အဲဒါအားလုံးကကျွန်တော်တို့လိုအပ်တဲ့အရာပဲဖြစ်ပါသည်။ အဲဒါက ကျွန်တော်တို့ထင်တာထက်ပိုနောက်ကျမယ်ဆိုတာ ကို ကြည့်ကြပါ။ ဒါကြောင့် ဒီလိုမြေကြီးသားတွေတောင်ဒီလိုကြောက်စရာတွေဖြစ်လာမယ်လို့ ဟောကိန်းထုတ်လာကြတဲ့ အထိ ကျွန်တော်တို့ဟာ အလွန်ပဲနီးကပ်နေပြီဆိုရင် ကျွန်တော်တို့ နိုးနိုးကြားကြားရှိတာ ပိုကောင်းပါမည်။အရာရာတိုင်းဟာ အ မှန်တကယ် နေနှင့်ကိုက်နေရမှာဖြစ်ပါတယ်။အတိအလင်းထုတ်ဖော်ကြေငြာမှုကိုပြု၍ အရာရာတိုင်းကို အဆင်သင့် လုပ် ထားကြရပါမည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်ုပ်တို့ရဲ့ဘုရားသခင်က ကျွန်တော်တို့ဆီကို ဘယ်အချိန်မှာဆင့်ခေါ်စာကို ပို့ မလဲဆိုတာကို ကျွန်တော်တို့မသိကြလို့ပဲဖြစ်ပါတယ်။ ကိုယ်တော်ကဆင့်ခေါ်စာပို့လိုက်တဲ့အခါ 'မြင့်မြင့်တက်လော့' ဆို ပြီးတော့မှရှိပါမည်။ခင်ဗျားတို့ အသင့်ပြင်ထားတာ ပိုကောင်းပါသည်။ အဲဒါက ခင်ဗျားတို့ ထင်မထားတဲ့အချိန်နာရီမှာ ရောက်လာမှာဖြစ်ပါသည်။

30 ၃၀။ ကြီးမြတ်သောပန်တီကော်စတယ် နိုးထမှုက အခုဆိုရင် တဖြည်းဖြည်း လျော့နည်းလာပါသည်။ အဲဒါကို ဘယ်နေရာမှာပဲဖြစ်ဖြစ် ကျွန်တော်တို့မြင်ရပါသည်။ နောက်ဆုံးကြီးမြတ်သည့်ရွှေ့လျားမှုဖြစ်ပါသည်။ သတင်းစကားက ရွှေ့ ဆက်သွားနေပါသည်။ အခု အရာရာတိုင်းကိုအသင့်ပြင်၍ စောင့်နေကြရပါသည်။ အသင်းတော်ကို အဝေးမှာတံဆိပ်ခတ် နိုပ်ပြီး ဖြစ်ပါသည်။ကောက်ကျစ်ခြင်းက ပိုမိုကောက်ကျစ်တာကို လုပ်ဆောင်မှုပြုပါမည်။ အသင်းတော်တွေဟာအသင်းတော်ပိုပြီး ဆန်လာကြပါမည်။ သူတော်စင်တွေဟာ ဘုရားသခင်နှင့် ပို၍နီးကပ်လာရပါမည်။ ဝိညာဉ်တော်ဆု ကျေးဇူးများက အုပ်စုလေးတွေမှာ စပြီးတော့ပွားများလာစရာအကြောင်းရှိပါသည်။ ကျွန်တော်တို့ဟာ အဆုံးမှာ ရောက် နေကြတာဖြစ်ပါသည်။အို ဘုရားကျောင်းမှာ ကျွန်တော်တို့ သီဆိုလေ့ရှိသည့် ထိုသီချင်းကိုကျွန်တော်ကြိုက်လှပါသည်။

ထိုသို့သော ဝမ်းမြောက်ခြင်းရောက်လာမှာဖြစ်တဲ့အတွက် ကျွန်တော်စောင့်ကြည့်နေပါသည်။ မိလေနီကာလပဲဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကောင်းချီးပြုတော်မူသော ဘုရားသခင် ကြွလာတော်မူစဉ်အခါ

သူ့အားစောင့်မျှော်နေသည်။ သတို့သမီးကိုအဝေးသို့ ချီဆောင်သွားပါမည်။

အို ကျွန်တော်နှလုံးသားထဲကငိုကြွေးလျက်ရှိပါတယ်။ ထိုသို့သောအရာအတွက် ဆာလောင်လျက်ရှိပါသည်။

ချိုမြိန်ခြင်းနေ့ရက်ကိုစွန့်လွှတ်ရပါမည်။

ကျွန်ုပ်တို့၏ကယ်တင်ပိုင်ရှင်ကမ္ဘာမြေကြီးထံ တဖန်ကြွလာတော်မူစဉ်အခါ

(ထိုအချိန်နာရီအတွက်စောင့်ဆိုင်းနေကြပါသည်)

31 ၃၁။ အခုအခန်းကြီးငါး အခန်းငယ်ငါးမှာရှိပါသည်။ ကျွန်တော်တို့ပြီးခဲ့တဲ့ သင်ခန်းစာမှာတော့ဆွေမျိုးသားချင်း ရွေးနှုတ်သူအကြောင်းကို ပြောခဲ့ကြတာကို တွေ့ရပါမည်။ ထိုအရာကကျွန်တော်တို့ ရှာဖွေမှုပြုကြသည်။ ခရစ်တော်ပင်ဖြစ်ပါသည်။ ရှသနှင့်အဲဒါကိုပမာပြုခဲ့ကြပါပြီ။ ရှသ၏ဆုံးဖြတ်ချက် ရှသ၏အစေခံခြင်းကို ရှသ၏ခိုလှုံမှုအကြောင်းတို့ပဲဖြစ်ပါသည်။ဆုံး ဖြတ်ချက်ဆိုတာက ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ အစေခံခြင်းကတော့ သူမကိုယ်သူမအဆင်သင့်လုပ်ထားတာဖြစ်ပါသည်။ ခိုလှုံတာကတော့ မင်္ဂလာညစာစားပွဲရောက်လာချိန်အထိသန့်ရှင်းသောဝိညာဉ်တော်နှင့်အတူ တည်နေခြင်းပင်ဖြစ်ပါသည်။ ဘယ်လောက်လှလိုက်ပါသနည်း။

အသင်းတော်က ဂျွန်ဝက်စလီအားဖြင့်ရောက်လာပါသည်။ ဖြောင့်မတ်ခြင်းက … သို့မဟုတ် မာတင်လူသာဖြစ် ပါမည်။ဖြောင့်မတ်ခြင်းက ဂျွန်ဝက်စလီအားဖြင့်ဖြစ်ပါသည်။ စင်ကြယ်ခြင်းကပန်တီကော်စတယ်အားဖြင့်ဖြစ်ပါသည်။ သန့် ရှင်းသောဝိညာဉ်တော်ဗတ္တိဇံဖြစ်ပါသည်။ အခုခိုလှုံတယ်ဆိုတာကိုတော့ သူမ၏အရှင်သခင်ရောက်လာခြင်းကို စောင့်မျှော်နေခြင်းပင်ဖြစ်ပါသည်။ ပြီးပြည့်စုံလှပါသည်။

ကျွန်ုပ်တို့၏ဆွေမျိုးသားချင်းကယ်တင်ရှင်ကို အသက်ကြီးတို့က သိုးသူငယ်တော်ဟု အမှန်တကယ် ခေါ်ဆိုုမှု ပြုရာကနေခြသေ့်ဆိုတဲ့တရားစီရင်သူဖြစ်လာတဲ့အထိ ခေါ်ဆိုမှုပြုလာတဲ့အချိန်နာရီရောက်လာခဲ့ပါသည်။ကိုယ်တော် က သိုးသူငယ်တော်ဖြစ်ပါသည်။ ခင်ဗျားတို့သိပါတယ်။တံဆိပ်ခုနစ်ချက်စာအုပ်မှာပါပါသည်။ စာအုပ်ကို ဖြစ်ပွားစေတဲ့အခါကြားကဆောင်ရွက်ရသောကိစ္စက အဆုံးသတ်သွားခဲ့ပါသည်။

32 ၃၂။ အခုအခန်းကြီး ၃ မှာပါ။ အသင်းတော်က အထက်ကိုတက်သွားခဲ့ပါပြီ။ ဒါပေမယ့် အခု ရွေးနုတ်တော်မူခြင်းအကြောင်းကို ဖော်ပြစရာအကြောင်းရှိပါသည်။ အသင်းတော်ကို မည်သို့မည်ပုံရွေးနုတ်ခဲ့သလဲဆိုတာပဲဖြစ်ပါသည်။ အသင်း တော်ခေတ်ကာလအတွင်း ဘယ်လိုဖြစ်မယ်ဆိုတာကိုရှင်းလင်းဖွင့်ဆိုမှုပြုတဲ့အရာပဲဖြစ်ပါသည်။ ကြည့်ပါ။ အသင်းတော် ကသွားပါပြီ။ဒါကြောင့် ကိုယ်တော် ထိုအမှုကို မည်သို့မည်ပုံပြုသလဲဆိုတာကို အခုအခန်းကြီးငါးမှာကိုယ်တော်ပြသတော် မူပါမည်။ ဘာဖြစ်မလဲ ကိုယ်တော်က အသင်းတော်ကိုဘယ်လိုတံဆိပ်ခတ်နိုပ်မလဲဆိုတာကို ဖြစ်ပါသည်။ ကိုယ်တော်ရှင် ၏နာမတော်ရှင်းလင်းဖွင့်ဆိုချက် ရေဗတ္တိဇံ၌ ကိုယ်တော်၏နာမတော်ကို အသုံးပြုခြင်း ထာဝရအသက် ထာဝရမဟုတ်သောငရဲ မြွေ၏မျိုးစေ့ ထာဝရလုံခြုံစိတ်ချမှု အလုံးစုံသောကြီးမြတ်သည့်လမ်းညွှန်ချက်များ အသင်းတော်၏ကြိုတင်ခွဲ ခန့်မှားသားခြင်းဆိုတာတွေက အသင်းတော်ကိုရှင်းလင်းဖွင့်ဆိုမှုပြုထားတဲ့အရာတွေဖြစ်ပါသည်။ ကိုယ်တော်က ထိုအမှု ကိုဘယ်လိုပြုမလဲဆိုတာကို ပြသတော်မူပါမည်။

33 ၃၃။ အခုကျွန်ုပ်တို့၏ ဆွေမျိုးတော်သူကြီးဆီသို့ မူရင်းပိုင်ရှင်ကရွေးနှုတ်တော်မူခြင်းနှင့်စပ်ဆိုင်သည့် တံဆိပ်ခုနှစ်ချက် စာအုပ်ကိုကမ်းပေးတော်မူခဲ့ပါသည်။ အာမင်။ ကျွန်တော်တို့ ရှာဖွေကြတဲ့ ကနဦးပိုင်ရှင်ကဘယ်သူဖြစ်ပါသလဲ။ ဘုရား သခင်ကိုယ်တော်တိုင်ဖြစ်ပါသည်။ ‘အိုးသူငယ်တော်သည်ကြွလာတော်မူ၍ ပလ္လင်တော်၌ ထိုင်တော်မူသော ကိုယ်တော် ရှင်၏ လက်ယာလက်မှာ စာစောင်ကိုထုတ်ယူတော်မူပါသည်’ သိုးသူငယ်တော်က ဘယ်သူဖြစ်ပါသလဲ။ ကယ်တင်သော သူဖြစ်ပါသည်။ကျွန်ုပ်တို့ရဲ့ဆွေမျိုးသားချင်း၊ ဘယ်သူဖြစ်ပါသလဲ။ ကယ်တင်သောသူဖြစ်ပါသည်။အသင်းတော်နှင့် ဆွေ မျိုးတော်သူသည် ရောက်လာကာ ဣသရေလတို့ကိုရွေးနုတ်တော်မူခဲ့ပါသည်။ ဒါပေမယ့် အဲဒါက သူတို့ဆီမှာ အသုံးမဝင် ပါ။ဘာဖြစ်လို့လဲဆိုရင် သူတို့က ကိုယ်တော်ကို ငြင်းပယ်မှုပြုကြလို့ပဲဖြစ်ပါသည်။ဒါပေမယ့် အသင်းတော်ကတော့ သူတို့၏ ရွေးနုတ်တော်မူခြင်းကို လက်ခံမှုပြုပါသည်။ ကိုယ်တော်ရှင်သည်ကျွန်ုပ်တို့နှင့်ဆွေမျိုးတော်စပ်သော ကယ်တင်ရှင်ဖြစ် ပါသည်။ ဘောဇဟာ ရှသကိုရဖို့အစီအစဉ်တကျ နောမိကို ကယ်တင်စရာအကြောင်းရှိခဲ့ပါသည် - မောဘအမျိုးသား၊ တပါးအမျိုးသား လူမျိုးခြားဖြစ်ပါသည်။ ဒါကြောင့် ခရစ်တော်က ဣသရေလတို့ကိုကယ်တင်တော်မူခဲ့ပါသည်။ ရွေးနုတ်တော် မူခြင်းကို အသုံးပြုစေခဲ့ပါသည်။ ပြီးတော့ငြင်းပယ်ခံခဲ့ရပါသည်။

34 ၃၄။ လွတ်ငြိမ်းချမ်းသာခွင့်ရတဲ့လူတယောက် ပစ်သတ်ခံခဲ့ရတာကို ခင်ဗျားတို့ မှတ်မိကြပါသလား။ တခါတလေကျွန်တော်ပြောပြဖူးပါတယ်။ ပြည်တွင်းစစ်ကာလကဖြစ်ပါသည်။ သူဟာလူကောင်းတယောက်ဖြစ်တဲ့အချိန်မှာမှ ဖြစ်ခဲ့တာဖြစ်ပါသည်။သူ့မှာအပြစ်နှင့်ကင်းစင်ခဲ့ရပြီဖြစ်ပါသည်။ သူတို့ကတော့ သူအပြစ်ကိုတွေ့ကြပါတယ်။သူဟာ တနည်း တဖုံတော့ အပြစ်ရှိခဲ့ပေမယ့်လည်း စစ်ပွဲကာလမှာ သူဟာအဝေးကိုထွက်ပြေးမှုပြုခဲ့ပါသည်။ သူတို့ဟာ အပြစ်ရှိတဲ့သူကို ရှာတွေ့ခဲ့ကြပါသည်။ သူကိုပစ်သတ်စရာအကြောင်းရှိပါသည်။ လူတယောက်ဟာ သမ္မတလင်ကွန်းဆီသွားပြီးတော့ ‘မစ္စတာလင်ကွန်း ဒီသူဟာ ခရစ်ယာန်တယောက်ဖြစ်ပါတယ်။ သူဟာကြောက်တတ်တဲ့ကောင်လေးတယောက်ပါ။ကျွန်တော် သူ့လူတွေကိုသိပါတယ်။ သူအခုလည်းကြောက်နေပါတယ်။ သူဘာကိုမှ အနာတရဖြစ်စေဖို့မရည်ရွယ်ပါဘူး။ သူအဝေး ကိုပြေးထွက်ခဲ့တာပါ’ ဟုပြောဆိုမှုပြုခဲ့ပါသည်။ ‘မစ္စတာလင်ကွန်း အဲဒါက ခင်ဗျားလက်ထဲမှာရှိတဲ့အရာပဲ ခင်ဗျားပဲ သူ့ကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်တဲ့လူဖြစ်တယ်’ လို့ပြောခဲ့ပါသည်။မစ္စတာလင်ကွန်းက စာရွက်တပိုင်းကို ကောက်ယူလိုက် ပြီး သူဘောပင်နှင့်ဒီလိုဟိုလိုကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုပါသည်။ အာဗြံဟံလင်ကွန်း ဟုဆိုင်းထိုးပေးလိုက်ပါသည်။

သူဟာ ထောင်သို့ပြန်ပြေးပြီး ‘ဒီကဒါက မင်းလွတ်ငြိမ်းချမ်းသာခွင့်ကို ငါရလာတာဖြစ်တယ်’ လို့ပြောပါသည်။

35 ၃၅။ သူကတော့ ‘ကျွန်တော် အဲဒါကို ကြည့်မနေတော့ပါဘူး။ အဲဒီမှာတံဆိပ်ကြီးကြီးတခုပါမှာပေ့ါ။အဲဒါက အရာရာကို ဖြစ်စေပါလိမ့်မည်။ ခင်ဗျားတယောက်ထဲနဲ့ ကျွန်တော်ကိုရယ်စရာကုန်စည်တခုဖြစ်အောင် မလုပ်လိုက်ပါနဲ့။ အဲဒါက အာဗြံဟံလင်ကွန်းမဟုတ်ဘူးစာရွက်စာတမ်းမှာ သူတံဆိပ်ကိုရိုက်ထားပြီး အဲလိုမျိုး သူ့ဆီကနေလာရမှာဖြစ်ပေမယ့်လို့ ဘယ် သူမဆို သူ့နာမည်ကိုတော့ လက်မှတ်ထိုးတတ်ကြတာပဲလေ’ ဟုပြောပါသည်။သူက သူ့ကို ဖြောင်းဖျနားချပေမယ့် ထောင် ထဲကလူကတော့

သူလိမ်နေတယ်ဆိုတာထင်နေခဲ့ပါသည်။ ပြီးတော့ ချက်ချင်းအဝေးကို လှမ်းလျှောက်ထွက်ခွာသွားခဲ့ ပါသည်။နောက်တနေ့မနက်မှာတော့ သူဟာ ပစ်သတ်ခံခဲ့ရပါသည်။ သည့်နောက် သူပစ်သတ်ခံခဲ့ပြီးနောက်ဒီနောက် ဖယ် ဒရယ်တရားရုံး၏ တရားမကြောင်းအရ ဘာဖြစ်လို့လဲဆိုရင် အာဗြဟံလင်ကွန်းဟာသူပစ်သတ်မခံရမှီ နှစ်ဆယ့်လေးနာရီ အလိုက ဒီလူလွတ်ငြိမ်းချမ်းသာခွင့်ရသည်ဆိုတဲ့သူ့ရဲ့နာမည်ကို လက်မှတ်ထိုးပေးခဲ့တာဖြစ်ပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် အစိုးရကတော့ သူကိုပစ်သတ်စရာအကြောင်းရှိပါတယ်။ သည့်နောက် ဘာဖြစ်ပါသနည်း။ ယူနိုက်တက်စတိတ်၏ ဖယ်ဒရယ်တရားရုံးက ... ဖယ်ဒရယ်တရားရုံး၏ ဆုံးဖြတ်ချက်ဆီသို့ရောက်လာတဲ့အရာကတော့ ‘လွတ်ငြိမ်းချမ်းသာခွင့်တခု ကိုလွတ်ငြိမ်းချမ်းသာခွင့်တခုအဖြစ် လက်မခံလျှင်လွတ်ငြိမ်းချမ်းသာအခွင့်တခုကိုမပြုရ’ ဟုဆိုထားတဲ့အရာပဲဖြစ်ပါသည်။

36 ၃၆။ ယေရှုကကာရာနီတောင်ကုန်းမှာ ဣသရေလတို့ကို ရွေးနုတ်တော်မူခဲ့ပါသည်။ ဒါပေမယ့်သူတို့ခွင့်လွှတ်မခံရ သည့်အကြောင်းက ထိုအရာကို သူတို့လက်မခံခြင်းကြောင့်ဖြစ်ပါသည်။ဒါပေမယ့် အခု ကျွန်တော်တို့ရဲ့သင်ခန်းစာကို ဒီလိုသီတင်းအပတ်ခုနှစ်ဆယ်ပေါ်မှာတည်သွားပါမည်။ သူတို့ပြန်လာပြီး သူတို့၏လွတ်ငြိမ်းချမ်းသာခွင့်ကိုလက်ခံမှုပြုကြသည့် အရာကို ကျွန်တော်တို့ ရှာဖွေကြပါမည်။ ဒါပေမယ့် ကိုယ်တော်ဟာအသင်းတော်ကို ရွေးနုတ်ကယ်တင်တော်မူခဲ့ပါသည်။ သည့်နောက် ကျွန်တော်တို့လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ကြပါသည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်တိုဟာကျွန်ုပ်တို့၏ လွတ် ငြိမ်းချမ်းသာခွင့်အဖြစ် ယေရှုခရစ်တော်၏အသွေးတော်ကိုလက်ခံခဲ့ကြလို့ပဲဖြစ်ပါသည်။

37 ၃၇။ အခုကိုယ်တော်က ကျွန်ုပ်တို့၏ဆွေမျိုးသားချင်းတော်စပ်သူရွေးနုတ်ကယ်တင်သူဖြစ်ကြောင်းကို ကျွန်တော်တို့ ရှာဖွေမှုပြုကြပါမည်။ ကိုယ်တော်သည်မူရင်းပိုင်ရှင်လက်ထဲက စာစောင်ကို ယူခဲ့တာဖြစ်ပါသည်။ အဲဒီလိုအကြောင်းက တော့ရွေးနှုတ်ကယ်တင်တော်မူခြင်း၏ ခေါင်းစည်းစွမ်းပကားဆိုတာပဲ ဖြစ်ပါသည်။ ကျွန်တော်တို့အဲဒါကို ရှာဖွေမှုပြုခဲ့ကြပါသည်။ လေ့လာခဲ့ကြတာကို ခင်ဗျားတို့မှတ်မိကြပါသလား။ အဲဒါက ရွေးနှုတ်ကယ်တင်တော်မူခြင်း၏ ခေါင်းစည်းစွမ်းအားဆိုတဲ့ အရာပဲဖြစ်ပါသည်။ အဲဒါကထိုသို့သောအရာကနေ ထုတ်နုတ်ထားတဲ့အရာဖြစ်ပါသည်။ ဘုရားသခင်သည် သေခြင်းအတွက်အသက်ရှင်ခြင်းကို လိုအပ်ခဲ့ပါသည်။ ဧဒင်ဥယျာဉ်ကြီးထဲမှာဖြစ်ခဲ့ပါသည်။ သည့်နောက်ယေရှုက ဖြောင့်မတ်သူတဦးဖြစ် ပါတယ်။ အသေခံတော်မူကာ ခေါင်းစည်းတခု၏အစွမ်းကိုယူဆောင်မှုပြုခဲ့ပါသည်။ တံဆိပ်တွေကို ဖောက်ဖျက်ပစ်နိုင် စွမ်းရှိပါသည်။ ဘာဆိုတာကိုသူတို့၌ ဖော်ပြမှုပြုပါသည်။ ကိုယ်တော်ပိုင်ဆိုင်ရရှိသည့်အမွေခံရသောအရာကိုသူ၏လူတို့ ထံသို့ ပေးသနားတော်မူပါသည်။ ထိုသို့ပြုတော်မူခြင်းအားဖြင့် ကိုယ်တော်သည်ထာဝရအသက်ကို အမွေခံခဲ့ရပါသည်။ ကာ ရာနီတောင်ကုန်း၌ ကိုယ်တော်ရှင်သည်သူပိုင်သောအသက်ကို တဖန်စွန့်လှူတော်မူခဲ့ပါသည်။ ထိုသို့သောအရာကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်် ကျွန်ုပ်တို့အကြား ပိုင်းခြားမှုပြုတော်မူခဲ့ပါသည် ။အာမင် ထိုသို့သောမေတ္တာအကြောင်းကို မည်သူမှ စဉ်းတောင်စဉ်းစားမိမှာမဟုတ်ပါဘူး။ကိုယ်တော်ရှင်အမှုပြုတော်မူခဲ့တာဖြစ်ပါသည်။

စာတန်ကတော့ တခါကပိုင်ဆိုင်တဲ့သူဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဧဒင်ဥယျာဉ်ထဲမှာ ကျဆုံးခဲ့ကြလို့ဖြစ် ပါသည်။ ချုပ်နှောင်၍ မီးအိုင်ထဲသို့မောင်းထုတ်မှုပြုခဲ့ပါပြီ။သူ့ရဲ့နေ့ရက်ကာလက အဆုံးသတ်ခဲ့ပြီဖြစ်ပါသည်။

38 ၃၈။ ဇဝံဂေလိတရား၌တည်သောယေရှု၌ ခေါင်းစဉ် လေးခုရှိပါသည်။ အဲဒါကို ကျွန်တော်တို့ချုပ်ကြပါမည်။ ဒါဝိဒ်၏သားပလ္လင်တော်ကို အမွေခံရသူဖြစ်ပါသည်။ အာဗြဟံ၏သား နန်းဆက်ကို လွှဲအပ်ခံရသူ လူအားမြေကြီး၏အမွေခံ ဘုရား သခင်၏ သားတော် ခပ်သိမ်းသောအရာကို အမွေခံရ၍ နန်းဆက်ကိုလွှဲအပ်ပြီး ခံရသူဆိုပြီးတော့မှဖြစ်ပါသည်။

ဓမ္မဟောင်းကျမ်းမှာ ဂုဏ်သတ္တိကနှစ်ငါးဆယ်ထက်ပိုကြာအောင် ဆုပ်ကိုင်ထားနိုင်ခြင်းမရှိပါဘူး။ ကနဦးပိုင်ရှင် ဆီကနေနှစ်ငါးဆယ်မှအပ ကျူပင်ခုတ်ငုတ်မကျန် သုတ်သင်ရှင်းလင်းပိုင်ခွင့်မရှိပါဘူး။ရက်လေးဆယ်မှာ ကိုယ်တော် သည် အဖိုးအစားကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ ရက်ငါးဆယ်မှာရွေးနှုတ်တော်မူခြင်းနှင့် တန်ခိုးက ဧဒင်ဥယျာဉ်ထဲ၌ ဆုံးရှုံးခံခဲ့ရ သည့်အရာကိုအသင်းတော်သို့ ပိုင်ဆိုင်စေကာ တဖန်ရွေးနှုတ်တော်မူခဲ့ပါသည်။ရက်ငါးဆယ်မြောက်သောနေ့၌ သန့်ရှင်း သောဗိတ္တဇံအားဖြင့် ကျွန်ုပ်တို့ထံပို့ဆောင်တော်မူပါသည်။

39 ၃၉။ သည်နောက်ကျွန်တော်တို့ဟာ လိပ်ထားသောစာစောင်များကို ကောက်ယူမှုပြုကြပါသည်။ ကျွန်တော်တို့ဟာလိပ်ထားသောစာစောင်များကို ကောက်ယူမှုပြုကြပါသည် ...ဘယ်လိုလဲဆိုရင် ဒီစာလိပ်ကို သူ့ရဲ့လက်ထဲကို အပ်နှံမှု ပြုခဲ့ပြီးဖြစ်ပါသည်။ဘယ်လိုလဲဆိုရင် ယေရမိအနာဂတ္တိကျမ်း မှာပါပါသည်။ ယေရမိအနာဂတ္တိကျမ်း ၃၂း၆ မှာပါ။သူ့ရဲ့ တဝမ်းကွဲညီအကို ဟာနမေလက အမွေအချို့ကို သူ့အားချန်ထားပေးခဲ့တာဖြစ်ပါသည်။သူတို့တွေဟာ ချုပ်နှောင်ခြင်းထဲ မှာရှိခဲ့ကြတာဖြစ်ပါသည် (အဲဒါက ကျွန်တော်တို့သူနှင့်အတူ ဒီမနက်သွားကြရမည့် ချုပ်နှောင်ခံရခြင်းအကြောင်းဖြစ်ပါ သည်) အဲဒါကိုလောကဆိုတဲ့ အိုးတလုံးထဲမှာ ထည့်သိမ်းထားတာဖြစ်ပါသည်။ ဘုရားတန်ခိုးရှိတဲ့နေရာကိုပြသနေပါသည်။ လိပ်ထားသောအရာများနှင့် ဘုရားသခင်၏လျှို့ဝှက်ချက်တွေကို သိရပါသည် -နှလုံးသားထဲမှာရှိပါသည်။ ကျွန်ုပ်တို့၏ ရွေး နှုတ်မှုပြုခြင်းအစီအစဉ်ကလည်းပြောင်းလဲခြင်းမရှိ လောကဆိုင်ရာအိုးတွေထဲမှာ ထည့်သိမ်းထားတာဖြစ်ပါသည်။ - ယေရှု၏နာမတော်နှင့်ဗျာဒိတ်တော်ရှိပါတယ်။

40 ၄၀။ ကျွန်တော်တို့ဒီတံဆိပ်ခတ်နှိပ်ထားတဲ့ တံဆိပ်ခုနှစ်ချက်အကြောင်းကို ရှာဖွေမှုပြုကြပါမည်။တံဆိပ်တခုစီမှာ ပတ် ရစ်ထားတဲ့အရာတွေရှိပါသည်။ ဗျာဒိတ်တော်က ရှေ့၌ရောက်လာမည့်အရာကဲ့သို့ဖြစ်ပါသည်။ သူက တံဆိပ်ကို ဆွဲလိုက် ပြီး ဒီအရာကိုအမှုမပြုခဲ့ပါ။ တံဆိပ်ကပြောတဲ့အရာကို ဖတ်ပါသည်။ သည်နောက် ကိုယ်တော်သည် နောက်တခုကိုမလုပ် ဆောင်ပါဘူး။ လိပ်ထားသောအရာရှိပါတယ်။ တံဆိပ်ကပြောတာကို ဖတ်ပါတယ်။နောက်တခုကိုမလုပ်ပဲ အဲဒါကိုဆွဲထုတ် ထားပါတယ်။ တံဆိပ်ကပြောတာကိုကြည့်ပါတယ်။ဗျာဒိတ်တော်က ဘာဖြစ်သလဲဆိုတာကိုပါ။ အဲဒါက ကျွန်တော်တို့ မြန်မြန် ဆန်ဆန်ရောက်ကြရတော့မည်။ ကျွန်တော်တို့ရဲ့တံဆိပ်ခုနှစ်ချက် အတိအကျပင်ဖြစ်ပါသည်။ကျွန်တော်တို့ ယုံကြည် တာကတော့ အဲဒီလိုအမှုပြုတော်မူမယ်ဆိုတာပါပဲ။

လိပ်မထားတော့မယ့် စာစောင်တွေကို ယူလိုက်တဲ့အခါ တံဆိပ်တခု စီက ဖြစ်ပျက်မည့်အရာကိုအတိအကျ ပြသတော်မူမည်ဖြစ်ပါသည်။

41 ၄၁။ ဘုရားသခင်၏နှုတ်ကပတ်တော်မှာရှိသောဖောက်ဖျက်ခဲ့ရသည့် တံဆိပ်တခုစီလိုမျိုးပါပဲ။ ကျွန်ုပ်တို့ ဘယ်သူ၏ ခေတ်ကာလများအသက်ရှင်နေကြရသည်။ ဘယ်ဝိညာဉ်၏ခေတ်ကာလ ဘယ်အသင်းတော်၏ခေတ်ကာလမှာ အသက်ရှင်နေကြရသည်ကို ပြသမှုပြုပါသည်။ ဗျာဒိတ်အခန်းကြီး ၁၀ မှာ အဆုံးမှာနောက်ဆုံးတံဆိပ်ဖောက်လိုက်တဲ့အချိန်နာရီ ကို ကျွန်တော်တို့ ရှာဖွေကြပါမည်။ ခြေထောက်တဖက်က မြေကြီးပေါ်မှာ ခြေထောက်တဖက်က ပင်လယ်ပေါ်မှာတင်ထားပြီးမတ်တပ်ရပ်နေတဲ့ ကောင်းကင်တမန်ကို ကျွန်တော်တို့တွေ့ခဲ့ကြပါသည်။ သူ့ရဲ့လက်ကိုကောင်းကင်ထက်သို့ မြှောက် ထားပြီး သူဦးခေါင်းပေါ်မှာ သက်တန့်တခုရှိနေပါသည်။သူ့အားဖြင့် ထာဝရအစဉ်အမြဲ အသက်ရှင်ကြောင်းကို ကျိန်ဆို မှုပြု၍ အချိန်ကဆက်သွားခဲ့ပါသည်။ နောက်ဆုံးတံဆိပ်ပေါ်မှာဖြစ်ပါသည်။ ကျွန်တော်တို့ သူတို့၌ရှိသောတံဆိပ်များကို ပိုင်ဆိုင်ရသည့်အထိ ခင်ဗျားတို့ စောင့်နေကြရပါသည်။ဘယ်တံဆိပ်နေရာမှာရောက်နေသလဲဆိုတာ ကြည့်ပါ။ ခင်ဗျားတို့ သီတင်းအပတ်ခုနှစ်ဆယ်ကိုရှာဖွေပြီးနောက် ဘယ်တံဆိပ်နေရာမှာ ရောက်နေသလဲဆိုတာကို ကြည့်ပါ။ အချိန်က ဆက်သွားနေပါသည်။ ရွေးနှုတ်တော်မူခြင်းက ကုန်ဆုံးသွားပါပြီ။ ကိုယ်တော်သည် အခုခြသေ့်မင်းဖြစ်၍ တရားသူကြီးဖြစ်တော် မူပါသည်။ ကိုယ်တော်ဟာ ဒီမနက်ခင်ဗျားတို့ရဲ့ကယ်တင်ပိုင်ရှင်ဖြစ်တော်မူပါသည်။ ဒါပေမယ့် တနေ့မှာတော့ ကိုယ်တော်ရှင်ဟာ ခင်ဗျားတို့ရဲ့တရားသူကြီးဖြစ်ပါမည်။

42 ၄၂။ အခန်းကြီးငါးရဲ့အခန်းငယ်ရှစ်ကနေ ဆယ့်လေးအထိ တောက်လျှောက်က ကောင်းကင်နှင့်မြေကြီးက သိုးသူငယ်တော်ကို ကိုးကွယ်ဝတ်ပြုခြင်းအရာအတွက် အချိန်နာရီကို ဖော်ပြထားတာဖြစ်ပါတယ်။တံဆိပ်ခုနှစ်ခုစာစောင်ရှိပါ တယ်။ ထိုက်တန်တော်မူသော သိုးသူငယ်တော်ဆွေမျိုးသားချင်းရွေးနုတ်သောသူဖြစ်ပါသည်။ အခန်းငယ်ရှစ်ကနေ ဆယ့် လေးအထိကကောင်းကင်တမန်တို့က ကိုယ်တော်ကို ဝတ်ပြုခြင်း အသက်ကြီးသူတို့က ကိုယ်တော်ကိုဝတ်ပြုခြင်း ဝေနေ ယျသတ္တဝါအပေါင်းက ကိုယ်တော်ကို ဝတ်ပြုခြင်းဖြစ်၍ ယောဟန်ကအလွန်တရာ ကိုယ်တော်ကို ကိုးကွယ်မှုပြု၍ သူဟာ ‘ကောင်းကင် မြေကြီး မြေကြီးအောက်သမုဒ္ဒရာအထဲ အရပ်ရပ်တို့၌ရှိရှိသမျှသော ဝေနေယျသတ္တဝါအပေါင်းတို့ က ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသူငယ်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာဂုဏ်သရေလ ဘုန်းအာန ဘော် အစွမ်းသတ္တိရှိတော်မူစေသတည်ဟု ပြောဆိုကြသည်ကိုငါကြားလေ၏ ’ ဟု ပြောဆိုခဲ့ပါသည် - ဘုရင်မင်းမြတ် သိုး သူငယ်တော်အတွက်ဝတ်ပြုကိုးကွယ်ရာအချိန်နာရီပဲဖြစ်ပါသည်။

43 ၄၃။ အခုအသင်းတော်ရုတ်သိမ်းသွားပြီကို အမှတ်ရကြပါ။ အခု ဒံယေလအနာဂတ္တိကျမ်း အခန်းကြီး ကိုးအခန်းငယ် တစ်ကနေ သုံးအထိကို လှန်ကြပါစို့။ ပြီးရင် ကျွန်တော်တို့ နှစ်ဆယ်ကနေနှစ်ဆယ့်ခွန်အထိ ယူသွားကြပါမည်။ ဘာဖြစ် လို့လဲဆိုရင် ဒါကဒံယေလ၏ဆုတောင်းချက်ဖြစ်လို့ပါပဲ။ ခင်ဗျားတို့ အဲဒါကို ရတဲ့အထိ သီတင်းအပတ်တောက်လျှောက်ဒီလိုကျော်ပြီး ကျော်ပြီး ကျွန်တော်ဖတ်သွားစေချင်ပါတယ်။ (၁)ယေရုရှလင်မြို့ပျက်စီး၍ ရှစ်နှစ်ခုနှစ်ဆယ် လွန်စေမည် ဟု (၂)ထာဝရဘုရား၏ဗျာဒိတ်တော်ကို ပရောဖက်ယေရမိခံဘူးသည်ဖြစ်၍ ခါလဒဲနိုင်ငံကိုအစိုးရသောမေဒိအမျိုး အာရွှေ ရုသား ဒါရိုနန်းစံပဌမနှစ်တွင် ငါဒံယေလသည်ထိုနှစ်ပေါင်းအရေအတွက်ကို ကျမ်းစာအားဖြင့် သိရသောကြောင့်(၃) အစာ ကိုရှောင်လျက်လျော်တေအဝတ်ကိုဝတ်လျက် ပြာနှင့်လူးလျက် အရှင်ဘုရားသခင့်ထံတော်သို့ ချဉ်းကပ်၍ဆုတောင်းပ ဌာနာပြု၏။(၄) ထိုသို့အပြစ်သို့ ဘော်ပြတောင်းပန်၍ ငါကိုးကွယ်သောဘုရားသခင်ထာဝရဘုရားထံ ငါပြုသောပဌာနာဟူ မူကား (ပြီးရင် အဲဒါကို ဆက်သွားပါမည်။ကျွန်တော်တို့ အခု အခန်းငယ် နှစ်ဆယ်ရောက်တဲ့အထိ သွားကြပါမည်)

44 ၄၄။ အချိန်ကိုငဲ့၍မတ်တပ်ရပ်နေတဲ့လူတွေ ကျွန်တော် ခင်ဗျားတို့ကို ၂၀ကို သွားစေချင်ပါသည် ... အခု ကျွန်တော် တို့ အခန်းငယ် နှစ်ဆယ်ကို သွားကြပါမည်။

(၂၀) ထိုသို့ဆုတောင်းပဌာနာပြု၍ကိုယ့်အပြစ်ကို၄င်း အမျိုးသားချင်း ဣသရေလလူတို့၏အပြစ်ကို၄င်း ဘော်ပြတောင်းပန် ၍ငါကိုးကွယ်သောဘုရားသခင်၏သန့်ရှင်းသောတောင်တော်အဘို့ ငါပြုသောပဌာနာစကားကိုငါ၏ဘုရားသခင်ထာဝရ ဘုရားရှေ့တော်၌ ဆက်ကပ်လျက်နေ၍ (၂၁) ဆုတောင်းသောအမှုမပြီးမှီမြွတ်ဆိုစဉ်တွင် ယခင်ဗျာဒိတ်ရူပါရုံထင်ရှားသော သူ ဂါဗြေလသည် လျင်မြန်စွာပျံ၍လာသဖြင့်(၂၂) ညဦးယံပူဇော်ချိန်၌ ငါရှိရာသို့ရောက်၍ နှုတ်ဆက်လျက်အချင်းဒံယေလငါသည်သင်၌ဉာဏ်ပညာတိုးပွားစေမည်အကြောင်း ထွက်လာပြီး ကျွန်တော်တို့သာအဲဒီမှာရှိမယ်ဆိုရင် ဘာဖြစ်ပါမည်နည်း။ သူကသူ့ကိုဘယ်လိုရှာခဲ့ပါသလဲ။ ဆုတောင်းခြင်းဖြင့်ပါ။ သတင်းစကားပို့ဆောင်တဲ့လူတယောက်ဖြစ်ပါသည်။ ခင်ဗျား တို့ သတိထားကြည့်ပါ။ သူက သူကို ‘လူ’ လို့ခေါ်ဆိုမှုပြုပါသည်။ (၂၃) သင်သည် ဆုတောင်းစပြုသောအခါ အမိန့်တော်ရှိ သည်ဖြစ်၍(သူအတွက် ဆက်၍ရောက်လာသောအရာကို သွားစရာအကြောင်းရှိပါသည်) သင့်အားကြားပြောခြင်းငှါငါ့ စရောက်လာပြီ။ သင်သည် အလွန်ချစ်သောသူဖြစ်၏။ ထို့ကြောင့် ဗျာဒိတ်တော်အချက်ကိုဆင်ခြင်၍ နားလည်ရသော အ ခွင့်ရှိ၏။(၂၄) လွန်ကျူးခြင်းအမှုကို ဆီးတား၍ အပြစ်ကိုတံဆိပ်ခတ်စေခြင်းငှါ၄င်း ဒုစရိုက်အပြစ်ကိုဖြေရှင်း၍ ထာဝရကု သိုလ်ကိုသွင်းစေခြင်းငှါ၄င်း ဗျာဒိတ်ရူပါရုံနှင့်အနာဂတ္တိဗျာဒိတ်တော်တို့ကို တံဆိပ်ခတ်၍အလွန်သန့်ရှင်းသောအရပ် (သင်၏မြို့ဖြစ်ပါသည်) ကိုလိမ်းစေခြင်းငှါ၄င်းသီတင်းခုနှစ်ဆယ်ကို သင်၏အမျိုးသားချင်းအဘို့နှင့် သင်၏သန့်ရှင်းသော မြို့အဘို့ဆုံးဖြတ်ခြင်းရှိ၏ (အဲဒါကတော့ သူရောက်လာခြင်းနှင့်စပ်ဆိုင်သော ခေါက်လိပ်ထားသည့်အကြောင်းအရင်းတွေ ပဲဖြစ်ပါသည်။ အခုသတိပြုပါ)(၂၅) ထို့ကြောင့် ယေရုရှလင်မြို့ကိုတဖန်တည်ထောင်ပြုစုစေခြင်းတိုင်အောင် ခုနှစ်သီတင်း နှင့်ခြောက်ဆယ့်နှစ်သိတင်းကြာလိမ့်မည်ဟု သိမှတ်နားလည်တော့။ အနှောင့်အယှက်ခံရသောကာလ၌ မြို့လမ်းကို တဖန် တည်ထောင်ပြုစုမည်ဟု စီရင်ဆုံးဖြတ်ခြင်းရှိ၏။(၂၆) ထိုသိတင်းခြောက်ဆယ်နှစ်သိတင်းလွန်ပြီးမှ ခရစ်တော်သည်အခွင့် မရဘဲအသေသတ်ခြင်းကို ခံရလိမ့်မည်။ ထို့နောက်မှလာသော သခင်၏လူတို့သည် မြို့တော်ကို၄င်းသန့်ရှင်းရာဌာနကို ၄င်း ဖြိုဖျက်ကြလိမ့်မည်။ ရေလွှမ်းမိုးသောအားဖြင့် ဆုံးရှုံးခြင်းဖြစ်လိမ့်မည်။ အဆုံးတိုင်အောင် စစ်တိုက်ခြင်း ပျက်စီးရာနှင့် ဆိုင်သောစီရင်ဆုံးဖြတ်ခြင်းရှိလိမ့်မည်(၂၇) တသိတင်းတွင်

လူအများတို့နှင့်ပဋိညာဉ်ဖွဲ့ခြင်းရှိ၍(နားထောင်ပါ)ထိုသီတင်း တဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။ ရွံရှာဖွယ်သောအရာ၏အထွဋ်ပေါ်သို့ ဖျက်ဆီး သောသူသည်ရောက်၍ စီရင်ဆုံးဖြတ်သောသုတ်သင်ပယ်ရှင်းခြင်းသည် ပျက်စီးအပ်သော သူတို့ကို မလွှမ်းမိုးမှီတိုင်အောင်ထိုသို့ဖြစ်လိမ့်မည်ဟု ကြားပြော၏။

45 ၄၅။ အခုအဲဒီက ကျွန်ုပ်တို့ရဲ့လေ့ကျင့်ခန်းတွေကတော့ ရောက်လာမည့် အစည်းအဝေးသုံးလေးငါးခုအတွက်ဖြစ်ပါ မည်။ ဘုရားသခင်က ဘယ်အရာကိုမဆိုရှင်းလင်းဖွင့်ဆိုပြတော်မူပါမည်။ သီတင်းအပတ်ခုနှစ်ဆယ်ဖြစ်ပါသည်။

အခု ကျွန်တော် ဒေါ့စ်ကိုမေးပါမည်။တကယ်လို့ သူ ဒီနေ့ညမှာ ကျွန်တော်ရဲ့ကျောက်သင်ပုန်းမှာရေးထားရမှာ ရှိပါတယ်။ဒါကြောင့် ကျွန်တော် အဲဒီလို မှတ်ထားတာကို ထုတ်ပစ်လို့ရပါသည်။ ကျွန်တော် အဲဒါကိုခင်ဗျားတို့အား ချန် မထားစေချင်ပါဘူး။ အခု ခင်ဗျားတို့ကျွန်တော်နှင့်လေ့လာစရာအကြောင်းရှိပါသည်။ နက်နက်နဲနဲ လေ့လာကြပါ။ ခင်ဗျား တို့အဲဒါကို မေ့မသွားကြပါနှင့်။ ကျွန်တော် ဒီကျောက်သင်ပုန်းပေါ်မှာ အဲဒါကိုခြစ်ထားချင်ပါတယ်။ ပြီးတော့ ခင်ဗျားတို့ခဲတံ နှင့်စာရွက်ယူလာပြီး ဒီစာရွက်တွေအချိန်တွေ အဲဒီအကြောင်းအရာအားလုံးကို ရေးထားလို့ရပါသည်။

အခု သီတင်းအပတ်ခုနှစ်ဆယ်စပါပြီ (အခုဒါကိုယူကြပါ) အသင်းတော်ရုတ်သိမ်းပြီးနောက်ပိုင်းမှာ အခု လူတိုင်း က 'အာမင်' လို့ပြောဖို့နားလည်ထားကြပါသည်။ အခု အသင်းတော်ရုတ်သိမ်းပြီးနောက်မှာဖြစ်ပါမည်။

46 ၄၆။ ဗျာဒိတ်ကျမ်း၆း၁ ကနေ ဗျာဒိတ် ၁၉း၂ အထိက သီတင်းအပတ်ခုနှစ်ဆယ်နှင့် ဆက်စပ်လျက်ရှိပါသည်။ ဒါကြောင့် ကျွန်တော်တို့ရပ်လိုက်ကြရမှာဖြစ်ပြီး ကျွန်တော်တို့ ဆက်မသွားခင်ရှင်းကြမည်ဖြစ်ပါသည်။ ကျွန်တော်တို့ ရပ် လိုက်ကြပြီး ဒီလိုဘာကြောင့် သီတင်းအပတ်ခုနှစ်ဆယ်ဖြစ်လဲဆိုတာကိုရှင်းကြရပါမည်။ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားတို့ လုပ်မထားဘူး ခင်ဗျားတို့အဲဒီတံဆိပ်တွေကို မေ့နေမယ် ခင်ဗျားတို့ အဲဒီတံပိုးတွေအကြောင်းမေ့နေမယ်ခင်ဗျားတို့အဲဒီ လို အမျက်ဒေါသတွေအကြောင်းကို မေ့နေမယ် အဲဒီအနာရောဂါတွေအကြောင်းအဲဒီဖားလိုမျိုး မစင်ကြယ်သည့် ဝိညာဉ်သုံး မျိုးအကြောင်းအဲဒီလိုဝမ်းနည်းပူဆွေးခြင်းတွေကို ခင်ဗျားတို့မေ့ကြရင်ခင်ဗျားတို့လုပ်မထားဘူးဆိုရင် ခင်ဗျားတို့ အဲဒါ အားလုံးကို ကျန်ခဲ့မှာပဲဖြစ်ပါသည်။ဘာဖြစ်လို့လဲဆိုရင် အဲဒါက ဒီနေရာက သီတင်းအပတ်ခုနှစ်ဆယ်မှာ အမှန်တကယ်ဖြစ်ပျက်မှာဖြစ်လို့ပါပဲ။ အဲဒီနေရာမှာ အဲဒါက ဖြစ်မှာဖြစ်ပါတယ်။

47 ၄၇။ အခုပရောဖက်ဒံယေလဟာ ဗာဗုလုန်ပြည်မှာ ခြောက်ဆယ့်ရှစ်နှစ်လောက် နေထိုင်ခဲ့တာဖြစ်ပါသည် -ခင်ဗျားတို့ လိုချင်တဲ့လူတွေ ကျမ်းညွှန်းကို ပြန်သွားကြပါ။ ခင်ဗျားတို့ကိုယ်၌လည်းအချိန်တချိန်ယူပြီး ကျွန်တော်လိုပဲ ကြည့်ကြပါ။ နှစ်ပေါင်းခြောက်ဆယ့်ရှစ်နှစ်ကြာပါတယ်။သူဟာ ဘီစီ ၆ဝ၆ မှာ ချုပ်နှောင်ခြင်းကိုခံခဲ့ရပါသည်။ ရှုပါရုံသူ့ဆီရောက်တဲ့အချိန်ကတော့ ဘီစီ ၅၃၈ မှာဖြစ်ပါသည်။ ၆ဝ၆ ကနေ ၅၃၈ ကိုနုတ်ရင် ခြောက်ဆယ့်ရှစ်ရပါသည်။ဗာဗုလုန်က တပါး အ မျိုးသားတို့အကြားမှာ သူဟာ ခြောက်ဆယ့်ရှစ်နှစ်နေခဲ့ရပါသည်။အောင်အောင်မြင်မြင်ပဲ နေထိုင်ခဲ့တာဖြစ်ပါသည်။ အာမင်။ ကျွန်တော်ကတော့ တနာရီတောင်နေနိုင်မှာမဟုတ်ပါဘူး။

ဒါပေမယ့် သူဟာ အလယ်တည့်တည့်ကိုရောက်ခဲ့တာဖြစ်ပါသည်။ အပေါင်းအပါသုံးဦးကလွဲရင် ဘယ်သူမှမရှိပါ ဘူး။ နိုင်ငံတော်၏ကွဲပြားခြားနားသည့်နေရာ ဒေသတွေမှာ သူတို့ရောက်နေကြတာဖြစ်ပါသည်။ဒါပေမယ့် ဒံယေလဟာ ခြောက်ဆယ့်ရှစ်နှစ်တာကာလ ဘုရားသခင်နှင့်သာ ရပ်တည်တော်မူ၍အောင်မြင်ခြင်းကို ဆုပ်ကိုင်ထားနိုင်ခဲ့ပါသည်။ အဲဒါ ကိုစဉ်းစားပါ။ ကျွန်တော်တရားဟောဖို့ ယူဆထားလို့ဖြစ်ပါသည်။ ဒါပေမယ့် ခြောက်ဆယ့်ရှစ်နှစ်တာကာလ အောင်မြင်ခြင်းကို သူဟာထိန်းထားနိုင်ခဲ့ပါသည်။ ဘုရားသခင်ရှေ့မှာ မကျဆုံးရှုံးခဲ့ပါဘူး -သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံမရှိဘဲ သူ့အတွက် ယေရှုခရစ်၏အသွေးတော်ကအပြစ်ဖြေလွှတ်ခြင်းကိုမရဘဲ နွားတွေ ဆိတ်တွေ နွားမတွေရဲ့အသွေးဖြင့်သာ သူဟာသိုသိုဝှက်ဝှက်နှင့် ယဇ်ပူဇော်ခဲ့ရတာဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုတပါးအမျိုးသားတို့ရဲ့နယ်မြေမှာ ရောက်နေလို့ပဲဖြစ်ပါသည်။ သူတို့ဟာ အဲဒီမှာကျရောက်ခဲ့တာဖြစ်ပါသည်။ ယေရမိက သူတို ့အဲဒီလို ကျရောက်မည် ဖြစ်ကြောင်းကိုပရောဖက်ပြုခဲ့ပါသည်။

48 ၄၈။ အခုဒံယေလက (အို ကျွန်တော်) သူဟာ နီးလာတဲ့အချိန်နာရီကိုကြည့်ဖို့ သူဟာ အစပြုခဲ့ပါသည်။အခု ကျွန်တော် တို့လိုပဲဖြစ်ပါသည်။ 'ဒံယေလဟာ စပြီးတော့ နားလည်လာပါမည်။သူပြောခဲ့ပါတယ်။ စာလိပ်များကို ဖတ်ရှုမှုပြုခြင်းအား ဖြင့် ဖြစ်ပါသည်။ဒံယေလစိုးမိုးသည့် ပထမနှစ်မှာ ... စိုးမိုးခြင်း၌ ... ဒံယေလသည် စာစောင်တို့၏အရေအတွက်ကိုနားလည် ရ၍... နှစ်ကာလတို့ရှိပါသည်။ ထိုခြေသေ့နှစ်ကာလတို့သည်ပရောဖက်ယေရမိထံသို့ သက်ရောက်ခဲ့ပါသည် ... အနှစ် ခုနှစ် ဆယ်က ပြီးမြောက်သင့်ပါသည် ..... ဂျေရုရှလင်၏ ပြိုပျက်ခြင်းအကြောင်းဖြစ်ပါသည်'

ယေရမိဟာ ဘီစီ ၆ဝ၆ မှာပရောဖက်ပြုခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏အပြစ်နှင့် ဘုရားတရားမမဲ့ခြင်းကြောင့် သူတို့ဟာ အနှစ်ခုနှစ်ဆယ် ကျရောက်ရမှာဖြစ်ပါသည်။

49 ၄၉။ ထိုနေ့ရက်ကာလ၌အခြားပရောဖက်တပါးရောက်လာတာကို ခင်ဗျားတို့အမှတ်ရကြပါ (ဒီအချိန်မှာတော့ သူ့နာမည်ကို ကျွန်တော်မခေါ်ပြနိုင်ပါဘူး ခဏလောက် ကျွန်တော် ပြန်ကြည့်လို့ရမယ်ဆိုရင်ကျွန်တော် ခင်ဗျားတို့အတွက် တ မိနစ်လောက်ဖမ်းမိချင်ဖမ်းမိပါမည်) ဒါပေမယ့်သူတက်လာပြီး 'ယေရမိ သင်မှားတယ် ဘုရားသခင်သည်သာ အဲဒီမှာ နှစ်ပေါင်းများစွာကျရောက်သည့် ဣသရေလတို့ကို စောင့်ရှောက်သွားစရာအကြောင်းရှိတယ် ... နှစ်ပေါင်းများစွာ အတွက် .. .နှစ်နှစ်လောက်' ဟုဆိုခဲ့ပါသည်။

ယေရမိက 'အဲဒီလိုပါပဲ ။ အာမင်' ဟုပြောခဲ့ပါသည်။ သူက 'ဒါပေမယ့် တမိနစ်လောက်တော့စောင့်ပါ။ ခင်ဗျားနှင့်ကျွန်တော်

ပရောဖက်တွေလိုပဲ တယောက်နှင့်တယောက် စစ်ဆေးကြပါစို့ ’ ဟုပြောခဲ့ပါမည်။ သူက ‘မှတ်ထား ငါတို့ မတိုင်ခင် ပရောဖက်ပြုတဲ့လူတွေရှိခဲ့တယ်။သူတို့ဟာ အမှားတွေကို ပြောခဲ့ကြတာပါ။ ဘုရားသခင်က အမှားတွေကို ပြော ဖို့သူတို့နဲ့အဆက်အသွယ်ပြုခဲ့တာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ကတော့သေချာအောင်လုပ်ရပါမည်။ ဒါပေမယ့်လို့ ဘုရားသခင်က ကျွန်တော်ကို အဲဒီလိုအနှစ်ခုနှစ်ဆယ်အကြောင်းကို အခုထိ ပြောနေတုန်းပဲ ’ ဟု ပြောခဲ့ပါမည်။ ဘုရားသခင်သည် မှားယွင်းသောပရောဖက်ကို ဆုံးမတော်မူ၍ သူ့ရဲ့ဇနီးကိုပြောင်းလဲခြင်းမရှိသောနှစ်ကာလ၌ ရုတ်သိမ်းတော် မူခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်သည် အဲဒီအနှစ်ခုနှစ်ဆယ့်အကြောင်းကို စစ်မှန်သောပရောဖက်အားမိန့်တော်မူခြင်းကြောင့်ဖြစ်ပါသည်။

50 ၅၀။ ဒံယေလဘယ်လိုဘယ်ပုံ ဖြစ်တယ်ဆိုတာကို ခင်ဗျားတို့အား ကျွန်တော်သတိပြုမိစေချင်ပါသည်။တပါးအမျိုး သားတယောက်လို့ ဖြစ်နေရပါသည်။ သူ့ရဲ့လူတွေဆီကနေထုတ်ပယ်မှုကိုခံနေရဆဲဖြစ်ပါသည်။ သူ့ရဲ့အသင်းတော်ကနေ ထွက်ခွာနေဆဲဖြစ်ပါသည်။ အသင်းတော်အစည်းအဝေးတခုတောင်မရှိပါဘူး။ သွားစရာ အသင်းတော်ဘာတခုမှလည်း မရှိ ပါဘူး။ ဆိုစရာဂုဏ်တော်သီချင်းလည်းမရှိတဲ့အတွက် သူ့ပါသာသူ စပ်ဆိုမှုပြုရပါသည်။ဒီလိုမျိုးအရာအားလုံး၏အလယ် မှာ သူရောက်နေခဲ့တာဖြစ်ပါသည်။ပရောဖက်ပြောတဲ့အရာပေါ်မှာပဲ ဆုပ်ကိုင်ထားခဲ့တာဖြစ်ပါသည်။ အာမင်။

သွားစရာ ဘုရားကျောင်းမရှိပါဘူး။မိတ်ဆွေဖွဲ့ဖို့ ဘယ်သူမှာလည်းမရှိပါဘူး။ လူတိုင်းဟာ တပါးအမျိုးသားတို့၏ ဗိမာန်များဆီသို့သာသွားလာမှုပြုကြပါသည်။ လူတိုင်းဟာ သူတို့ရဲ့ရုပ်တုဆင်းတုတွေဆိုတာကိုးကွယ်မှုပြုကြပါသည်။ ခရစ်ယာန်သီချင်းတွေလည်း မဆိုကြပါဘူး။ မပြောင်းမလဲသူလုပ်ဆောင်သောအရာကို ဘယ်သူမှလည်း မယုံကြည်ကြ ပါဘူး။ ခြောက်ဆယ့်ရှစ်နှစ်ကြာပါသည်။သူအဲဒီကို လူငယ်အရွယ် ဆယ့်နှစ်နှစ် ဆယ့်လေးနှစ်လောက်က ရောက်တာဖြစ် ပါသည်။ သူဟာဘုရားသခင်ကို မှန်မှန်ကန်ကန် ဆုပ်ကိုင်ထားကာ ပရောဖက်ယေရမိ၏ပရောဖက်ပြုချက်ဖြစ်သောအဆုံး သတ်ခါနီးပြီဖြစ်တဲ့ နေ့ရက်ကာလကို နားလည်သဘောပေါက်မှုရှိခဲ့ပါသည်။ ထိုအရာကဒီကနေ့မည်သို့သော စစ်မှန်သည့် ဘုရားသခင်၏ပရောဖက်နှလုံးသားကိုသတိပေးနေခြင်းဖြစ်ပါသလဲ။ ကျွန်တော်တို့ အနောက်ကို ပြန်ကြည့်ပြီး ဒီစစ်မှန်တဲ့ ပရောဖက်ပြောတာကို ကြည်ကြပါ။ ကျွန်တော်တို့အဆုံးသတ်အချိန်နာရီမှာ ရောက်နေကြတယ်ဆိုတာကို သိရပါမည်။

သူက ‘ယေရမိ၏စာစောင်ကိုငါနားလည်သဘောပေါက်၏။ ငါ၏ညီအကိုဖြစ်၏။ လွန်လေပြီးသောနှစ်ပေါင်းများ စွာက ဒီမှာအနှစ်ခုနှစ်ဆယ် နေရမယ်ဆိုပြီး ဣသရေလတို့ကို ပရောဖက်ပြုခဲ့တာဖြစ်တယ်။ အဲဒီအချိန်ကပြည့်စုံလောက် ပြီဖြစ်တယ် ’ ဟုဆိုပါသည်။ သူဟာ သူ့ကိုယ်သူအဆင်သင့်ပြင်ထားတာဖြစ်ပါသည်။ သူဟာ အစာရှောင်မှုတခုကို ပြုခဲ့ ပါမည်။ သူ့ကိုယ်သူစင်ကြယ်မှုပြုပါသည်။ သည့်အချိန် … ပြာနှင့်လျှော်ထည်ကိုဝတ်ကာသူခေါင်းပေါ်မှာပြာကိုတင်ပါ သည်။ သူတို့ရှင်သန်နေကြတဲ့ နေ့ရက်ကာလအကြောင်းကိုနားလည်ဖို့ အစာရှောင် ဆုတောင်းမှုကိုပြုခဲ့ပါသည်။

51 ၅၁။ ဒံယေလဟာဘုရားသခင်၏ပရောဖက်ဖြစ်၍ ယေရမိ၏စာစောင်တွေကို ဆွေးနွေးနီးနှောမှုပြုနိုင်ပါသည်။ဣသရေ လတွေ ထွက်လာပြီး သူတို့အားလုံး အသက်ရှင်လျက်ထွက်လာပြီးတာတောင် - ဗာဗုလုန်ကနေမွေးရပ်မြေကို ပြန်ကြရ သည့်တိုင် သူ့ကိုတော့ ထိုသို့သောနေရာဆီသို့ပို့ဆောင်တော်မူခဲ့ပါသည်။ ထိုသို့ဖြစ်သည့်တိုင် သူ့ကိုတော့ အစာရှောင် စေ၍ဂုန်လျှော်ဝတ်ကိုဝတ်၍ ပြာနှင့်လူးစေခဲ့ဆိုရင် အချိန်တွေကြွေလွင့်နေပြီယေရှုခရစ်တော်ဘုရား ကြွလာတော်မူ မယ် ကြီးမြတ်သောမိလေနီကာလထဲရောက်ဖို့အသင့်ပြင်ထားရတော့မယ်ဆိုတာကို သိဖို့ အသက်ရှင်သော ဘုရားသခင်၏ အသင်းတော်ကို သက်ရောက်ခြင်းရှိမည့် ထိုအမှုကို မည်မျှပို၍လုပ်ဆောင်မှုပြုသင့်ပါသနည်း။ သက်ရောက်ခြင်းရှိမည့် ထို အမှု ကို မည်မျှပို၍လုပ်ဆောင်မှုပြုသင့်ပါသနည်း။ ကျွန်တော်တို့ ဘယ်လိုလုပ်ပြီး လောင်းကစားလုပ်တာရေကူးကန်မှာရေကူး ပြီးတော့ ဘုရားသခင်အတွက် တနင်္ဂနွေနေ့တွေမှာ အချိန်မရှိဖြစ်စေကာအချိန်တွေကို အလဟာသဖြစ်အောင် လုပ်ကြပါ မည်နည်း။ အခု ပြေးလာခဲ့ပါ။ တရားဟောဆရာကတစုံတခု ဒါမှမဟုတ် ခင်ဗျားမကြိုက်တဲ့ အခြားသောအကြောင်းအရာ တခုကိုပြောဆိုမှုပြုမယ်ဆိုရင် ခင်ဗျားတို့ဟာ ထထွက်လာကြပါမည်။ ဘုရားကျောင်းတက်တာကြာရင်ဘာကြောင့် ခင်ဗျား တို့ မကျေမနပ်ဖြစ်ကြပါသနည်း။ ကျွန်ုပ်တို့၏အခြေအနေကိုကြည့်ကြပါ။ ကျွန်ုပ်တို့လုပ်ဆောင်မှုပြုတာကိုကြည့်ကြပါ။ အဲဒီပရောဖက်နှင့် ကျွန်ုပ်တို့၏အသက်တာကို နှိုင်းယှဉ်ကြည့်ပါ။အဲဒီပရောဖက်နှင့် ကျွန်ုပ်တို့၏အသက်တာကို နှိုင်းယှဉ် ကြည့်ပါ။ လူတယောက်ဟာ လုံးဝဘုရားကျောင်းတက်လို့မရတဲ့ နိုင်ငံတော်မှာ ရောက်ခဲ့ရတာဖြစ်ပါတယ်။ ဘယ်နေရာမှာ မှတက်စရာကျောင်းမရှိတဲ့နေရာကို သွားခဲ့ရတာပါ။ ဆွဲဖြဲခံရစရာအကြောင်းရှိကာမီးရှို့ပစ်လိုက်စရာအကြောင်းရှိပါသည်။ သူ့ရဲ့မြို့ သူ့ရဲ့လူတွေဟာချုပ်နှောင်ခြင်းခံခဲ့ရပါသည်။ ခြောက်ဆယ့်ရှစ်နှစ်ကြာပါသည်။ ခြောက်ဆယ့်ရှစ်ခြောက်ဆယ့် သုံး ခုနှစ်ဆယ် ဆိုရင် သူ့မှာ နှစ်နှစ်ပဲကျန်ပါတော့သည်။

52 ၅၂။ ဒါနဲ့စာစောင်ကိုသူဖတ်လိုက်သည့်အခါ ပြည့်စုံစေခြင်းအဖို့အလို့ငှါ ထိုအချိန်နာရီသည်အနီးအပါးသို့ရောက်ရှိ ကြောင်းကို မြင်ရပါသည်။ အဲဒီအကြောင်း ရှာဖွေဖို့ရာဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံသို့ သူဟာ ချဉ်းကပ်မှုပြုခဲ့ပါသည်။ အချိန်တခုပါပဲ။ကျွန်တော်တို့ လုပ်ဆောင်နေကြတာတွေ နိုင်ငံတွေပြိုကွဲနေကြတဲ့အချိန် နာရီမှာရောက်နေတာရယ် ပင်လယ်ရေပြင်၏ ခြိမ်းခြောက်မှုတခုရှိနေတာရယ် လူတို့၏နှလုံးသားမှာကြောက်ရွံ့ထိတ်လန့်နေရတာတွေ ရှုတ်ယှက် ခတ်နေတဲ့ အချိန်နာရီဆိုတာတွေကဘာဖြစ်ပါသနည်း။ ဤသို့သောအကြောင်းအရာများရှိနေပါသည်။ နံရံပေါ်မှာ ရေးသားထားတာတွေရှိပါသည်။ လူမျိုးရေးဆိုင်ရာ အစိတ်စိတ်အမွှာမွှာကွဲပြားနေကြပါသည်။အမျိုးစုံသောနတ်ဆိုးတို့ဟာ လောက ထဲသို့ ဆက်၍ ဝင်ရောက်လျက်ရှိပါသည်။ ပျာယာခတ်ပြီးတိုက်ခိုက်နေကြပါသည်။ ပွက်ပွက်ဆူအောင်ပြုတ်နေကြပါသည်။ ချိတ်တွေမှာလက်နက်ခဲယမ်းတွေကို ချိတ်ဆွဲမှုပြုထားကြပါသည်။ ကျူးဘားအရွယ်အစား နိုင်ငံငယ်လေးတခုလောက်နဲ့တင် ဆယ်မိနစ်အတွင်းမှာ ကမ္ဘာကြီးကို ပျက်စီးသွားစေနိုင်ပါသည်။ သူတို့ဟာတယောက်နဲ့တယောက် ရှုတ်ယှက်ခတ်နေကြ တဲ့လူမျိုးတွေဖြစ်ပါတယ်။ ဘုရားတရားမရှိသူတွေဟာဘုရားကိုသိမှာလည်းမဟုတ်သလို ဘုရားတန်ခိုးကိုလည်း သိမှာ မဟုတ်ပါဘူး။အသင်းတော်၌ရှိသော

သန့်ရှင်းသောဝိညာဉ်တော်သည် ရွေးကောက်ခံရသောသူတို့အကြားတွင်ရွေ့လျား တော်မူပါသည်။ နှစ်နှစ်တောင် လွန်လေပြီးနောက် ကိုယ်တော်ကိုယ်တိုင်အသက်ရှင်တော်မူကြောင်းကို ပြသတော်မူပါ မည်။ ကိုယ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလပြောင်းလဲခြင်းမရှိပါဘူး။ ကျွန်တော်တို့ ဖြင့်နွဲ့ပြီး မည်ကဲ့သို့ ထိုင်နေကြနိုင်ပါမည်နည်း။ ကျွန်တော်တို့ အဲဒီထိပ်ပေါ်ကို ဘယ်လိုပြေးတက်နိုင်ကြပါမည်နည်း။အချိန်ကို ကျွန်တော်တို့ စစ်ဆေးခဲ့ကြ ပါသည်။ ထိုသို့ကြီးမြတ်သော အချိန်နာရီဟာချဉ်းနင်းဝင်ရောက်လာတကို စောင့်ကြည့်နေကြပါ။

53 ၅၃။ အခုယေရမိအနာဂတ္တိကျမ်းကို သူဖတ်ခဲ့ပါသည်။ အခန်းကြီး နှစ်ဆယ့်ငါးဖြစ်မည်။ယေရမိအနာဂတ္တိကျမ်း အခန်း ကြီး နှစ်ဆယ့်ငါးဖြစ်ပါမည်။ ယေရမိမှာ ပြောစရာရှိတဲ့အကြောင်းအရာကို ဖတ်မိတာဖြစ်ပါသည်။ တကယ်တော့ အခန်း ငယ်ရှစ်ကနေ စကြပါစို့။ ဘာဖြစ်လို့လဲဆိုရင် အဲဒါက ... ကျွန်တော် ခင်ဗျားတို့ကို အဲဒီကိစ္စကို အသေအချာ ရစေချင်ပါသည်။ အခန်းငယ် ဆယ့်တစ် ရှိတဲ့နေရာကို ကျွန်တော် ဖတ်ဖို့ရာ ဒီလို ချရေးထားပါသည်။ဒါပေမယ့် အခန်းငယ် ဆယ့် တစ်ကနေ စကြပါစို့။

(၈)ထို့ကြောင့် ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူသည့်ကား (အဲဒါကိုကျွန်တော်အခု ကြိုက်ပါသည်။ ပရောဖက်တယောက်က မတ်တပ်ရပ်ပြီး ထို့ကြောင့်ဘုရားသခင်မိန့်တော်မူသည် လို့ပြောတာကို ကျွန်တော် ကြားလိုက် တဲ့အခါ ညီအကိုအဲဒါပါပဲ။ အဲဒါက ကျွန်တော်ဆီသို့ ရောက်ရှိတဲ့အရာဖြစ်ပါသည်။ အဲဒါကအလုံးစုံသောအရာပဲဖြစ်ပါ သည်) ... ထို့ကြောင့် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား သင်တို့သည် ငါ့စကားကို နားထောင်သော ကြောင့် (၉)ဤပြည်နှင့်ပြည်သားများကိုငှင်း ပတ်ဝန်းကျင်ရှိသော လူအမျိုးမျိုးတို့ကိုငှင်းစစ်တိုက်စေခြင်းငှါ ငါ၏ကျွန်ဗာ ဗုလုန်ရှင်ဘုရင် နေဗုဒ်ခနေဇာအစရှိသော မြောက်ပြည်သားအမျိုးမျိုးအပေါင်းတို့ကို ငါ့မှာလိုက်၍ ဆောင်ခဲ့ပြီးလျှင် ရှင်း ရှင်းဖျက်ဆီး၍ ... (မှတ်ထားကြပါ ဘုရားသခင်ရွေးနုတ်တော်မူသော သူတို့ကိုကိုယ်တော်ရှင်သည် စကားပြောတော်မူ ပါသည်။ အဲဒါက ဘုရားမဲ့များမဟုတ်ပါဘူး အဲဒါကအသင်းသားများဖြစ်ပါသည်) ဤပြည်သားတို့ကို အံ့သြဘွယ်ရာ ကဲ့ရဲ့ သံကိုကြားရာ အစဉ်အမြဲလူဆိပ်ညံရာ ဖြစ်စေမည် (၁၀) ဤသူတို့တွင် ဝမ်းမြောက်သောအသံ ရွှင်လန်းသောအသံ (ဒီကနေ့မှာ ကျွန်တော်တို့ ရှိနေကြသလိုပါပဲ။ အားလုံးဟာ ရော့ခ်အင်ရိုးရစ်ကီနဲ့အဲဗစ်လိုမျိုး တွေချည်းပါပဲ။ ပြီးတော့ အို...)မင်္ဂလာဆောင် သတို့သား၏အသံ သတို့သမီး၏အသံ ကြိတ်ဆုံသံနှင့် မီးခွက်အလင်းကိုငါကွယ်ပျောက်စေမည်(၁၁)ဤ ပြည်တလျှောက်လုံးသည် လူဆိပ်ညံရာ အံ့သြဖွယ်ရာဖြစ်လိမ့်မည်။

ဒီနေရာမှာကတော့ပရောဖက်၏ငိုယိုသံထွက်လာပါသည် ‘ဤပြည်တလျှောက်လုံး လူဆိတ်ညံရာ အံ့သြဖွယ်ရာဖြစ်လိမ့်မည်’ ဤသို့သော ကြီးမြတ်သည့် ဘုရားသခင်၏အမှုတော်ဆောင်ကိုဟန်ဆောင်စရာအကြောင်းမရှိပါဘူး။ ဒါပေ မယ့် ကျွန်တော်ပရောဖက်ပြုတာက တနိုင်ငံလုံးပျက်သုန်းမည်ဆိုတာကို ဖြစ်ပါသည်။ ဘုရားသခင်က ဒီနိုင်ငံကို သူ့ရဲ့ အပြစ်အတွက်ပျက်စီးစေမည်ဖြစ်ပါသည်။ ဘုရားသခင်က ဣသရေလတို့ကို ခွင့်မပြုဘူးဆိုရင် -ကိုယ်တော်ရွေးချယ် တော်မူသော အာဗြဟံ၏မျိုးစေ့ကိုဖြစ်ပါသည်။ ကိုယ်တော်ရှင်သည်သူတို့နှင့် ပဋိညာဉ်ပြု၍ ကတိထားတော်မူခဲ့ပါသည်။ ကိုယ်တော်ရှင်သည် သူတို့အားအမှားအယွင်း မဖြစ်စေဘူးဆိုရင် (သူတို့မှာ ဘာသာရေးကို အဓိကထားပေမယ့် အသင်းတော်ကြီးတွေ ယဇ်ပုရောဟိတ်တွေ ဘာသာရေးဆရာကြီးတွေ ရှိနေကြပါသေးသည်။ ဒါပေမယ့်လည်းဘာဖြစ်လို့လဲဆို ရင် သူတို့အကြားမှာ အကျင့်ပျက်ခြင်းနှင့်အဲဒီလိုအကြောင်းအရာတွေရှိနေလို့ဖြစ်ပါသည် ...)

ဘုရားသခင်က သူတို့စိုက်တဲ့အတိုင်းရိတ်စေပါသည်။ ဒါကြောင့် အဲဒါကို ကျွန်တော်တို့ရကြရပါမည်။

အခန်းကြီး ဆယ့်တစ်

(၁၁)ဤပြည်တလျှောက်လုံးတွင် လူဆိတ်ညံရာ အံ့သြဖွယ်ရာ ဖြစ်လိမ့်မည် (အဲဒါကလူတိုင်းအခုကြည့်ပြီး ‘အဲလို သူတို့ ရှိတယ်။ သူတို့ အလွန်ကြီးမြတ်ကြတယ်။ အခုသူတို့အား ကြည့်ပါ’ ဟုပြောကြပါသည်) ဤလူမျိုးတို့သည် အနှစ်ခုနှစ် ဆယ်ပတ်လုံးဗာဗုလုန်ရှင်ဘုရင်၏အမှုကို ဆောင်ရွက်ရကြလိမ့်မည်။

(အဲဒါကတဘဝလုံးပါပဲ။ အဲဒီအချိန်နာရီက ခင်ဗျားတို့ရဲ့ကောင်းချီးခံရသော အမေအိုကလေးရတဲ့အချိန်နာရီပဲဖြစ်ပါ သည်။ သူတို့ဟာ ဘုရားမရှိဘဲ အသင်းတော်မရှိဘဲဂုဏ်တော်ချီးမွမ်းသီချင်းမဆိုပဲ ပြည့်စုံသောမျိုးဆက်အတွက် ဘာတခုမှမ ရှိတဲ့ထိုသို့သော အပြစ်ရှိသည့် မျိုးဆက်အားလုံး သေကုန်တဲ့အထိ နေရမှာဖြစ်ပါသည်)

(၁၂)ထာဝရဘုရားမိန့်တော်မူသည်ကား အနှစ်ခုနှစ်ဆယ်စေ့သောအခါ ဗာဗုလုန်ရှင်ဘုရင်နှင့်သူ၏နိုင်ငံတည်းဟူသော ခါ လဒဲတိုင်းနိုင်ငံ၏အပြစ်ကြောင့် ငါသည်သူတို့ကို ဒဏ်ပေး၍ထိုနိုင်ငံကို အစဉ်အမြဲ လူဆိတ်ညံရာအရပ်ဖြစ်စေမည်(၁၃)ငါ ခြိမ်းသောစကားများတည်းဟူသောယေရမိသည် ခပ်သိမ်းသောတိုင်းနိုင်ငံတို့တဘက်၌ ဟောပြော၍ ဤစာ၌ရေးထား သောစကားရှိသမျှတို့ကို ခါလဒဲတိုင်းနိုင်ငံတို့တဘက်၌ ဟောပြော၍ဤစာ၌ရေးထားသောစကားရှိသမျှတို့ကို ခါလဒဲတိုင်းနိုင်ငံ အပေါ်မှာ ငါသက်ရောက်စေမည်(၁၄) များစွာသောလူမျိုးတို့နှင့် ကြီးသောရှင်ဘုရင်တို့သည် ခါလဒဲပြည်သားတို့ကိုစေစား ကြလိမ့်မည်။ သူတို့ကျင့်သောအကျင့် သူတို့ကိုယ်တိုင်ပြုသောအမှုနှင့်အလျောက်အကျိုးအပြစ်ကို ငါဆပ်ပေးမည်။(၁၅) ဣ သရေမျိုး၏ဘုရားသခင် ထာဝရဘုရားကလည်းအမျက်တော်စပျစ်ရည်ဖလားကို ငါ့လက်မှခံယူလော့။ ငါသည် သင့်ကိုစေလွှတ်သောလူမျိုးအပေါင်းတို့ကိုကောက်စေလော့ (တနည်းအားဖြင့်ဆိုသော် ‘ယေရမိ ငါသင့်ကို ဒီသတင်းစကားကို ပေး ပြီးပြီ။ ထိုင်မနေနဲ့တော့။ တနေရာထဲမှာမနေနဲ့ အခြားနိုင်ငံတွေအားလုံးကိုပရောဖက်ပြုလော့’ အဲဒီနောက်ကို မင်းမလိုက် ဘူးလား။ ပရောဖက်ပြုချက်ကိုနိုင်ငံအားလုံးကို ပြောလော့။ ငါ့ရဲ့အံ့ဖွယ် နိမိတ်လက္ခဏာတွေကိုပြတော့ငါဒီလိုလုပ်ဖို့ ရောက်လာမယ်ဆိုတဲ့ အကြောင်း သူတို့အား သိစေပါ)ဟုဆိုခြင်းပင်ဖြစ်ပါသည်။

(၁၆)သူတို့အလယ်သို့ ငါစေလွှတ်သောထားကြောင့် သူတို့သည် ကောက်၍ယစ်မူးတိမ်းယိမ်းခြင်းသို့ရောက်ကြလိမ့် မည် ဟုငါ့အား

မိန့်တော်မူသည့်အတိုင်း။

54 ၅၄။ ဤအလွန်တရာသောနေ့ရက်ကာလ၌သူတို့ ဘာကို လုပ်ဆောင်မှုပြုကြပါသနည်း။ သူတို့က ခင်ဗျားကို မှားယွင်းတဲ့ပရောဖက်ဟုခေါ်ဆိုမှုပြုကြပါမည်။ ခင်ဗျားကိုအပေးအယူသမားတယောက်လို့ခေါ်ဆိုမှုပြုကြပါမည်။ အယူသီးသူ တယောက် ဗေဒင်ဆရာ အိမ်မက်ဆရာတစုံတခုသောစိတ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုပြုသူဟု ခေါ်ဆိုမှုပြုကြပါမည်။ 'သူတို့ က အရူးဖြစ်ကြပါလိမ့်မည်' အရူးဆိုတဲ့ စကားလုံးတခုကို ခင်ဗျားတို့ခွဲထုတ်ကြည့်ရင် 'အလွန်အကျူးဖြစ်ခြင်း' ဟုအဓိပ္ပါယ် ရပါသည်။ သူတို့ဟာတကယ့်ကို အရူးအဖြစ်သို့ရောက်၍ 'သြော် ထိုသို့သောသန့်ရှင်းသည်ထကြွသူကိုအလေးထားနေစ ရာမလိုပါဘူး၊ အဓိပ္ပါယ်ကို မရှိတာ' ဟုပြောပါမည်။ ဘာဖြစ်လို့လဲဆိုရင် သူတို့အကြား ငါပို့ဆောင်ပေးမယ့် စကားလုံး တ လုံးဖြစ်လို့ပါပဲ။

55 ၅၅။ သမိုင်းကိုယ်၌ကတကျော့ပြန်လာတာကို ခင်ဗျားတို့ မြင်ပါသလား။ ယေရမိဟာဆိုရင် သူတို့ရဲ့ဖာရိရဲ့ ဇဒုကဲသူရဲ့ ကောင်းကြီးများနှင့် သဘောတူညီမှုမရှိပါဘူး။ သူတို့ ဘာတွေပဲဖြစ်နေကြပါစေသဘောတူတာမျိုးမရှိပါဘူး။ သူဟာ အခု စာသားကို ဆွဲထုတ်လိုက်ပြီး သူ၌ အရာအားလုံးကိုအရူးဖြစ်သွားအောင် လုပ်လိုက်ကြပါတယ်။ ကြည့်ပါ။ အခု သတိပြုပါ။

(၁၇) ငါသည်ထာဝရဘုရား၏လက်တော်မှ ထိုဖလားကိုခံယူ၍ ထာဝရဘုရားသည် ငါ့ကိုစေလွှတ်တော်မူသော လူမျိုးအပေါင်းတို့ကို တောက်စေ၏ (ယေရမိက အိမ်မှာမနေခဲ့ရပါ။ ယေရမိက တနေရာထဲမှာမနေခဲ့ရပါဘူး။ သူဟာ နိုင်ငံ အား လုံးကို အဲဒီအရာအား သောက်စေခဲ့ရပါသည်) ... သူတို့ဆီသို့ ဘုရားသခင်က ငါ့ကိုစေလွှတ်တော်မူခြင်းဖြစ်တယ်ဆိုတာ ရှိပါသည်။

56 ၅၆။ ယေရမိဟာဘုရားသခင်၏နှုတ်ကပတ်တော်ကို ယူဆောင်မှုပြုခဲ့ပါသည်။ ကိုယ်တော်၏နှုတ်ကပတ်တော်ဆိုသည့် ဝိုင်ကိုယူခဲ့ရတာဖြစ်ပါသည်။ ဝိုင်ဆိုတာက ဘုရားနှုတ်ကပတ်တော်၏ တန်ခုးဖြစ်ပါသည်။ဝိုင်က တန်ခိုးတခုဖြစ်ပါသည်။ ဝိုင်ဆိုတာက သေရည်သေရက်ဖြစ်ပါသည်။ ဝိုင်အဲဒီထိုနောက်ကွယ်က အစွမ်းသတ္တိရှိပါသည် 'ကျွန်တော် ဘုရားသခင်၏ နှုတ်ကပတ်တော်ဆောင်ယူမှုပြုပါသည်။' ဟု ယေရမိကဆိုခဲ့ပါသည်။ အဲဒါကို ဖော်ပြထားပါတယ်။ဝိုင်ရဲ့တန်ခိုးက အဲဒီ အထဲမှာရှိပါသည်။ ဒါတွေမတိုင်ခင်ကျွန်တော်လေ့ကျင့်မှုပြုခဲ့ပါသည်။ သူတို့ကတော့ အဲဒါကို နားထောင်ကြမှာမဟုတ် ဘူးလို့ ပြောခဲ့ပါသည်။ ဘုရားသခင်က 'ငါသည် သူတို့အား ဗာဗုလုန်၌ အနှစ်ခုနှစ်ဆယ်ပို့ဆောင်တော်မူမည်' ဟု မိန့်တော် မူခဲ့ပါသည်။ ထိုအရာကကိုယ်တော်အမှုပြုတော်မူခဲ့သည့်အရာဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းနှင့်မဖြောင့်မတ်ခြင်းက သွား တူနေသလိုပါပဲ။

57 ၅၇။ အခုသင်ခန်းစာဆီပြန်သွားကြပါသည်။ ဒံယေလက ဖတ်ခဲ့ရပါသည်။ အခု စဉ်းစားကြည့်ပါ။ ဒံယေလကကျွန်တော် တို့ ဖတ်တဲ့ ပြောင်းလဲခြင်းမရှိတဲ့ စာသားတွေကိုပဲ ဖတ်ခဲ့ရပါမည်။ ဒံယေလကပြောင်းလဲခြင်းမရှိသော သမ္မာကျမ်းစာကို ဖတ်ခဲ့ရပါမည်။ ပြောင်းလဲခြင်းမရှိတဲ့အဖြတ်အတောက် ပြောင်းလဲခြင်းမရှိတဲ့စာကြောင်း ကျွန်တော်ဆိုတဲ့ပြောင်းလဲခြင်းမရှိတဲ့ အကြောင်းအရာတွေကိုပဲ ဖတ်ခဲ့ရပါသည်။ ဘုရားသခင်၏အထောက်အမအားဖြင့်ဖတ်ခဲ့ရပါမည်။ ကျွန်တော်တို့ အဆုံးသတ်အချိန်နာရီမှာ ရောက်နေကြတယ်ဆိုတာကိုခင်ဗျားကို ပြသဖို့ရာ ပြောင်းလဲခြင်းမရှိသည့်အကြောင်းအရာရှိ နေလို့ပါသည်။ ဒံယေလဟာယေရမိဆီကနေ နှုတ်ကပတ်တော်ကို ယူလာပြီး ဗာဗုလုန်နိုင်ငံဆီသို့ ဆင်းသွားခဲ့ရပါသည်။သူဟာ ဘီသိက်သွန်းခံရသော ပရောဖက်ဖြစ်ပါသည် (တိပ်ခွေမှာ လစ်လပ်နေပါသည်) ... သူတို့အကြား အံ့သြဖွယ်ရာ အမှုတွေရှိနေပါသည်။ သူကိုယ်၌ကထီးထီးကြီး ရပ်တည်နေရတုန်းပဲဖြစ်ပါသည်။ အာမင်။ သူဟာ တယောက်တည်း ရပ်တည်မှုပြုခဲ့ရပါသည်။

58 ၅၈။ ဒါပေမယ့်ယေရမိက သည့်မတိုင်ခင် ဒီလိုနှစ်ကာလပေါင်း မြောက်များစွာက ဒီစာသားတွေကိုရေးသားမှုပြုခဲ့ တာဖြစ်ပါသည်။ ဒံယေလကတော့ နှုတ်ကပတ်တော်ကို အနက်ပြန်ဆိုမှုပြုပါသည်။ 'အခု တမိနစ်လောက်ပဲစောင့်ပါ။ ကျွန်တော်တို့ အဆုံးသတ်ခါနီး အချိန်နာရီနားကိုရောက်နေကြပါပြီ ကျွန်တော် ဒီနေရာမှာ ခြောက်ဆယ့်-ရှစ်နှစ်လောက်နေခဲ့ရပြီးပြီးဖြစ်လို့ပါပဲ။ ဘုရားသခင်၏ပရောဖက်ဖြစ်ပါတယ်(အာမင်)ကျွန်တော်ရဲ့ညီအစ်ကို စစ်မှန်တဲ့ ဘုရားသခင်၏ ပရောဖက်ဟာ သူ့ကိုယ်သူပရောဖက်ဖြစ်ကြောင်းကို အထောက်အထားပြ၍ ကျွန်ုပ်တို့အား ပရောဖက်ပြုခဲ့ကြတာပါ။ကျွန်တော်ဟာ ဒီစာစောင်မှာရေးထားတဲ့ အရာကို ပိုင်ဆိုင်ထားတာပါ။ အဲဒါကအနှစ်ခုနှစ်ဆယ်မှာပြည့်စုံမယ်' လို့ပြော ထားတယ်လေ။ အိုကျွန်ုပ်တို့၏ဘုရားသခင် ကျွန်ုပ်တို့ဟာ အဆုံးသတ်ခါနီးမှာ ရောက်နေကြတာဖြစ်ပါသည်။အဲဒီမျိုးဆက် အားလုံးလည်း သေကုန်ကြပါပြီ။ ကိုယ်တော် အခုဘာကိုအမှုပြုတော်မူပါမည်နည်း။ ဘုရားသခင်။ ကိုယ်တော် ကျွန်ုပ်တို့ အားပို့ဆောင်တော်မူမည်ဟု ကတိပြုခဲ့ပါသည်။ ဟုပြောဆိုခဲ့ပါမည် ... သူဟာ အစီအစဉ်တကျ ဆုတောင်းဖို့ရာ သူကိုယ် သူနေရာချပါသည်။

59 ၅၉။ အိုဘုရားသခင် ကျွန်တော်တို့ဟာ ဆုတောင်းဖို့ရာ ကျွန်တော်တို့ကိုယ်ကို ကျွန်တော်တို့အစီအစဉ်တကျ အချိန် တခုကို အဲလို အမြဲ ရှိနေစေသင့်တယ်ဆိုရင် အဲဒီအချိန်ဟာအခုပဲဖြစ်ပါသည်။ ကျွန်တော်တို့အတွက်ကတော့ ကိုယ်တော်၏စစ်မှန်သောအစေခံများအဖြစ်ရှိနေကြပါသည်။ ကျွန်တော်တို့ဟာတမန်တော်တို့၏စာစောင်များအားဖြင့် မြင်ရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏သတိပေးချက်များအားဖြင့် မြင်ကြရပါသည်။ ကျွန်ုပ်တို့နောက်ဆုံးသောနေ့ရက်ကာလ၌ရောက်နေကြခြင်းကိုဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ကနောက်ဆုံးသောနေ့ရက်ကာလ၌ရှိသော လူတို့သည် စိတ် လိုက်မာန်ပါလုပ်ပြီး ဘဝင်မြင့်လျက်ဘုရားသခင်ထက် လောကသာယာမှုကို ချစ်သောသူများဖြစ်ကြမည်။ သင်းခွဲသော သူများလွဲမှားစွာစွပ်စွဲသူများ ကိုယ့်ကိုကိုယ် မချုပ်တည်းနိုင်တဲ့သူများ စာစောင်အားဖြင့်ကျွန်တော် နားလည်ထားသော ထိုသို့သောအရာများကို စက်ဆုပ်ရွံရှာသောသူများဖြစ်ကြမည်။ဟု မိန့်တော်မူထားပါသည်။

60 ၆၀။ နောက်ဆုံးသောနေ့ရက်ကာလ၌ငမ်းငမ်းတက် စားသောက်သူတွေရှိလာကြမည်ဟု ကျွန်တော်နားလည်ထားပါ သည်။ နောက်ဆုံးသောနေ့ရက်ကာလ၌ တနိုင်ငံနှင့်တနိုင်ငံ ဆန့်ကျင်ဘက်ပြုကြမည်ဟု ကျွန်တော် နားလည်ထားပါသည်။

နောက်ဆုံးသောနေ့ရက်ကာလ၌ ဒီရေလှိုင်းလုံးကြီးတွေ မြင့်လာမည်ဟုကျွန်တော်နားလည်ထားပါသည်။ ကြောက်စရာကောင်းတဲ့မြင်ကွင်းတွေရှိလာမည်ဟုကျွန်တော်နားလည်ထားပါသည်။ ကောင်းကင်ပေါ်၌ ပန်းကန်ပြားပျံတွေ ပျံနေသလိုမျိုးလာမည်ဟု ကျွန်တော်နားလည်ထားပါသည်။ လျှို့ဝှက်ဆန်းကြယ်တဲ့မြင်ကွင်းတွေလူတို့၏နှလုံးသားများတွင် ကြောက် ရွံ့ခြင်း ရောက်လာမည်လို့ နားလည်မိပါတယ်။ရှုတ်ထွေးနေတဲ့အချိန်နာရီတခုဖြစ်လာပါမည်။ လူတို့အကြားမှာ ဝမ်းနည်းပူဆွေးမှုတခုရှိလာပါမည်။ သူတို့အားလုံး အဖွဲ့အစည်းတွေထဲ ဂိုဏ်းဂဏတွေထဲ အားလုံးရောက်သွားကြမည်ဟု ကျွန်တော် ဖတ်ခဲ့ရပါသည်။
နောက်ဆုံးသောနေ့ရက်ကာလတခု၌မဟာမိတ်ဖွဲ့မှုတခုရှိပါသည်။ နောက်ဆုံးသောနေ့ရက်ကာလ၌ အ မျိုးသမီးတွေဟာသူတို့ရဲ့ဆံပင်ကို တိုတိုညှပ်ထားကြမယ်လို့ ကျွန်တော်နားလည်ထားပါတယ်။ သူတို့ဟာအဝတ်တိုတို ဝတ်ပြီးဒေါက်မြင့်ဖိနပ်စီးပြီး လမ်းလျှောက်ကြမည်ဟုကျွန်တော်နားလည်ထားပါသည်။ သူတို့သွားတဲ့အခါ တတောက် တောက်မြည်ပြီးသွားပါမည်။
နောက်သုံးရက်နေ့ရက်ကာလမှာဖြစ်ပါသည်။ ကျွန်တော်နားလည်ထားတာကတော့ နောက် ဆုံးသောနေ့ရက်ကာလမှာ စိတ်ဓာတ် အင်မတန်နိမ့်ကျမယ်ဆိုတာပါပဲ။ နောက်ဆုံးသောနေ့ရက်ကာလမှာ တရားဟော ဆရာများဟာလွဲမှားသောသိုးထိန်းများဖြစ်လာကြပြီး အပေးအယူလုပ်ကြတာ လူတို့အားဘုရားသခင်၏နှုတ်ကပတ် တော်ကို ကျွေးမွေးမှုမပြုဘဲ အယူဝါဒများနောက်သို့သာ လိုက်စေကာထိုသို့သောအရာများကို အစားထိုးမည်ဟု ကျွန်တော် ယုံကြည်ထားပါသည်။ သို့သော်နောက်ဆုံးသောနေ့ရက်ကာလ၌ အသံတခုရောက်လာမည်ဟု ကျွန်တော်နားလည်ထား ပါသည်။တောကန္တရ၏ငိုကြွေးမြည်တမ်းသံဖြစ်ပါသည်။ လူတို့အား ကနဦးသတင်းစကားဆီသို့ပြန်လည်ခေါ်ဆောင်မှုပြု ကာ ဘုရားသခင်၏ အမှုကိစ္စများဆီသို့ ပြန်ရောက်စေမယ်လို့ကျွန်တော်နားလည်မိပါသည်။ စာစောင်အားဖြင့် ကျွန်တော်ဟာထိုသို့သောအရာများဖြစ်လာမည်ဟု ကျွန်တော်နားလည်ထားပါသည်။

61 ၆၁။ နောက်ဆုံးသောနေ့ရက်ကာလ၌ဇတ်မွတ်ခြင်းရှိမည်ဟု ကျွန်တော်နားလည်ထားပါသည်။ အသင်းတော်များကို အလွန်ဖွဲ့စည်း၍အလွန်နေရာကျကြမှာဖြစ်ပါသည်။ ပြီးတော့ ကိစ္စတိုင်းဖြစ်ပါမည်။နောက်ဆုံးသောနေ့ရက်ကာလ၌ ဇတ် မွတ်ခြင်းရှိပါမည်။ အစာနှင့်ရေအတွက်မဟုတ်ဘဲဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြားနာစရာအကြောင်းသာရှိပါသည်။လူတို့သည်အရှေ့အရပ်မှ၄င်း အနောက်အရပ်မှ၄င်း တောင်နှင့်မြောက်အရပ်မှ၄င်းဘုရားသခင်၏နှုတ်ကပတ်တော်ကို ကြား နာမှုပြုရန် ရှာဖွေမှုပြုကြပါလိမ့်မည်။ သို့သော်အသင်းတော်တွေကတော့ အလွန်တရာ ဖွဲ့စည်းလျက် တင်းကြပ်လျက် ထို သို့သောအရာကိုကြားနာဖို့ရာ ပျက်ကွက်မှုရှိကြပါလိမ့်မည်။ အဲဒီစာစောင်များကို ကျွန်တော်နားလည်ပါသည်။သို့သော် ထိုသို့သောနေ့ရက်ကာလ၌ (အို) ဘုရားသခင် ဒါဝိဒ်မှ မျိုးနွယ်စုတစုသည်ပေါ်ထွန်းခြင်းရှိမည်ဖြစ်ပါသည်။

မာလခိအနာဂတ္တိကျမ်း ၄း၅၊၆

အဆုံးအသတ်နေ့ရက်ကာလမရောက်မှီကိုယ်တော်ရှင်သည် ဧလိယကို ပို့ဆောင်တော်မူည်ဟု ကျွန်တော် နား လည်ပါသည်။ သူဟာသတင်းစကားတခုကို သားမြေးတို့၏နှလုံးသားဆီမှ ဘိုးဘေးတို့ထံရောက်စေကာ မူလ ကနဦးဆီသို့ သူတို့အားပြန်ရောက်စေပါသည်။ အဆုံးကနေ အစဆီသို့ တဖန် ပြန်လည်မတ်စေပါသည်။သန့်ရှင်းသောဝိညာဉ်တော် သည် တပါးအမျိုးသား အသင်းတော်မှ ဂျူးတို့ထံသို့ တဖန်ပြန်လည်ထွက်ခွာမှုမပြုခင် ထိုသို့ဖြစ်ပျက်မည်ဟု ကျွန်တော် နားလည် ထားပါသည်။

62 ၆၂။ စာစောင်အားဖြင့်ပဲကျွန်တော်နားလည်ထားတာမဟုတ်ပါဘူး။ နှုတ်ကပတ်တော်ဖြင့် ရေးသားတော်မူသော နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်လုပ်ဆောင်မှုပြုပါမည်။ ဣသရေလတို့ဟာသူတို့ရဲ့မွေးရပ်မြေကို ပြန်ကြရပါမည်။ သူ သွားနေတာကို ကျွန်တော်မြင်ရပါသည်။

ဣသရေလတို့ဟာ နိုင်ငံတခုဖြစ်လာမည်ကိုပရောဖက်တို့၏စာစောင်များအားဖြင့် ကျွန်တော်နားလည်ထားပါသည်။ သူတို့ဟာဝတ်ပြုကိုးကွယ်ဖို့ရာ ဗိမာန်တော်ကို ပြန်လည် တည်ဆောက်မှုပြုကြပါမည်။ ဘုရားသခင်ဟာဣသရေလတို့ ကို သူတို့၏မွေးရပ်မြေသို့ပြန်စဉ်အခါ သူတို့နှင့်တဖန် အဆက်အသွယ်ပြုတော်မူပါမည်။အို သူတို့နှင့်အတူ နောက်ဆုံးသော နေ့ရက်ကာလ၌ ပရောဖက်နှစ်ပါးပေါ်ထွန်းခြင်းရှိပါမည်။ အဲဒါကို ကျွန်တော်နားလည်ထားပါသည်။ တပါးအမျိုးသား အသင်းတော် ထွက်ခွာပြီးတာနဲ့ ချက်ချင်း ပရောဖက်နှစ်ပါး ရောက်လာပါမည်။ ဣသရေလတို့ထံဧလိယနှင့်မောရှေရောက် လာပါမည်။ ကျွန်တော်တို့ တောက်လျှောက်သွားကြသလိုပဲထိုသို့သောအရာများကို ကျွန်တော်တို့ရရှိကြပါမည်။

ပရောဖက်တို့သည် အဲဒီဗာဗုလုန်၌တက်ရောက်မည့်အချိန်ကာလသည် နီးပြီးဖြစ်ကြောင်းကို မြင်ရပါသည်။ ဟုတ် ပါပြီ။

63 ၆၃။ ဂါဗြေလဟာသူတောင်းလျှောက်သောအရာကို ရှင်းလင်းဖွင့်ဆိုပြဖို့ရန်သာ ရောက်လာခြင်းမဟုတ်ပါ။အလုံးစုံ သော ပျက်သုန်းခြင်းလမ်းကြောင်းအတိုင်း သွားနေကြတဲ့ ဂျူးလူမျိုးတို့အတွက်မည်သို့သက်ရောက်၍ မည်သို့ဆုံးဖြတ်တော်မူ ကြောင်းကို သူအား ကြားပြောဖို့ရာရောက်လာခြင်းဖြစ်သည်။ အာမင်။ သူဟာ အနည်းငယ်သောအရာကို တောင်းလျှောက် ၍အလုံးစုံသောအရာကို ပိုင်ဆိုင်ခဲ့ပါသည်။ သူအခု သိစေဖို့တောင်းလျှောက်မှုပြုခဲ့ပါသည် ...

ဒံယေလဟာ ရှာထုတ်ဖို့ရာကြိုးစားမှုပြုခဲ့ပါသည်။ ဘယ်လောက်ကြာမှာလဲ ဘုရားသခင် အခုပဲ အဲဒီကိစ္စဖြစ်လာမှာလား။ ပရောဖက်ယေရမိက ကိုယ်တော်ရဲ့အစေခံပါ။ ကျွန်တော်တို့ညီအကိုပါ ခြောက်ဆယ့်ရှစ်နှစ်လွန်လျှင်ဟု ပရော ဖက်ပြုခဲ့ပါသည်။ ဒီမှာ ဒီလူတွေ အနှစ်ခုနှစ်ဆယ်ရှိမည်ဟုပြောခဲ့ပါသည်။ မျိုးဆက်အဟောင်းအားလုံးကတော့ အခု လက် တွေ့ ထွက်သွားကြရပြီဖြစ်ပါသည်။ ဟုမေးလျှောက်ခဲ့ပါမည်။

64 ၆၄။ အဲဒီလိုနဲ့ပန်တီကော်စတယ် မျိုးဆက်ဟောင်းတခုဟာ အနှစ်လေးဆယ်အလွန်မှာ ပေါ်ထွက်လာခဲ့ပါသည် ‘တိုက် ခိုက်ရေးသမား

အဟောင်းများ ’ ဟု သူတို့ကိုခေါ်ဆိုမှုပြုခဲ့ကြပါသည်။ သူတို့ဟာ ဖွဲ့စည်းမှုကိုပြု၍ တိုက်ခိုက်၍ ဟိုရပ်နဲ့နီးဆိုတောင် တောက်လျှောက် အလုံးကို ရှုတ်ယှက်ခတ်စေ၍ ပြိုပျက်ပစ်စေခဲ့ပါသည်။ဒါပေမယ့် နောက်ဆုံး ကျွန်တော် တို့ဟာ အခုမြစ်၌ ရောက်နေကြပါသည်။ ကိုယ်တော်ဟာ အသစ်တခုကိုဆက်လက်၍ ပေါ်ထွန်းစေတာ သူတို့ကို မော ရှေနှင့်တူ ထုတ်ဆောင်မှုပြုခဲ့ပါသည်။ပညတ်တရားက ကျဆုံးခဲ့ပါသည်။ မောရှေကတော့ ထိုအရာနှင့်သွားလာမှုပြုခဲ့ပါ သည်။မောရှေလည်း သေဆုံးခဲ့ပါသည်။ ယေရှုက သူတို့ကို ခေါ်ထုတ်သွားပါသည်။ အဲဒီလိုအဖွဲ့အစည်းတွေကျဆုံးခဲ့ ရတဲ့ အကြောင်းကို ကျွန်တော်တို့ရှာထုတ်မှုပြုကြပါသည်။သို့သော် ဘုရားသခင်၏ဝိညာဉ်တော်ရှိပါသည်(ယေရှုဖြစ်ပါသည် ယေရှု၏စကားက ‘ယေရှုသည်ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သည် ’ ဟုဆိုပါသည်) ... အဲဒီသန့်ရှင်းသော ဝိညာဉ်တော် သည် အသင်းတော်ထဲသို့ ဝင်ရောက်လာခဲ့ပါသည်။အဖွဲ့အစည်းတခုကိုသာမကပါ သန့်ရှင်းသောဝိညာဉ်တော်သည် လူတို့အ ကြားကိုလည်းရောက်ရှိတော်မူပါသည်။ သူ့ကိုအသင့်သွားဖို့ ပြင်ဆင်စေတော်မူပါသည်။ ယောဒန်မြစ်ကိုကူးဖြတ်စေပါ သည်။ ထိုသို့ဖြစ်မည့်အကြောင်းကို နှုတ်ကပတ်တော်ကိုဖတ်ရှုခြင်းအားဖြင့် ကျွန်တော် နားလည်ရပါသည်။ အခု ကျွန်တော် ရှာနေတာကို ဘုရားသခင်သိတော်မူပါသည်။ကျွန်တော်ဟာ သူ၏လူတို့ကို သက်သာရာရစေကောင်း သက်သာရာရစေ ပါမည်။ လက်ဝယ်ရောက်နေသောအရာကို သူတို့အား ကြားပြောမှုပြုပါမည်။ ဒီနေရာက ဒီမနက်ခင်းကလည်းအပါအဝင် ဖြစ်ပါသည်။ ဒီတိပ်ခွေတွေဟာ ကမ္ဘာအနှံ့က နယ်မြေများတောက်လျှောက်ကိုရောက်ရှိသွားတော့မှာပါ။ ကျွန်တော်တို့ဟာ အဆုံးသတ်အချိန်နာရီမှာရောက်နေကြပါသည်။

65 ၆၅။ ကိုယ်တော်ရှင်သည်နိုင်ငံတော်ကို အပြည့်အဝ ပြန်လည်ထူထောင်တော်မူ၍ မိလေနိကာလ သက်ရောက်မည့်အချိန်ကာလအထိကို အလုံးစုံသောလမ်းကြောင်းရှင်းလင်းဖွင့်ဆိုပြတော်မူခဲ့ပြီးဖြစ်ပါသည်။ အဲဒါကတော့ ဂါဗြေလ၏ သတင်းစကားပဲဖြစ်ပါသည်။ သူက ‘အဲဒီလိုရှိတဲ့ နှစ်ခုနှစ်ဆယ်အကြောင်းကိုကြားပြောဖို့ရာ ရောက်လာခြင်းဖြစ်တယ် .. လူတို့ အပေါ်သက်ရောက်စေမည့်အဆုံးအဖြတ်ကောကျရောက်ချိန်အထိ သီတင်းခုနှစ်ဆယ်ရှိမည့်အကြောင်းကိုဖြစ်တယ် ယုဒမျိုးဆက်၏အဆုံးသတ်ကို အဆုံးအဖြတ်ပြုခဲ့ပြီးဖြစ်ပါတယ်။ သီတင်းတပတ် ခုနှစ်ဆယ်ရှိပါတယ် ’ ဟုပြောကြားခဲ့ပါမည်။ အခု သူပြောတာကို စောင့်ကြည့်ပါ။ ဆက်ပြီးအသက်ဝင်လာဖို့သွားနေရာကနေ အခုရှိပြီဖြစ်ပါသည် ...

ကိုယ်တော်၏လူတို့အပေါ်သို့၄င်းကိုယ်တော်၏ ... မြို့အပေါ်သို့၄င်းစီရင်ဆုံးဖြတ်တော်မူမည့် သီတင်းခုနှစ်ဆယ် ရှိပါမည်။

မြို့တော်ရှိပါသည်။ ဗာဗုလုန်ကသူ့ရဲ့မြို့တော်မဟုတ်ပါ။ ဘယ်နေရာက သူ့ရဲ့မြို့ဖြစ်ပါသနည်း။ ဂျေရုရှလင်ပဲဖြစ်ပါသည်။

66 ၆၆။ အခုကျွန်တော်တို့ ခုနှစ်ကိုရောက်တဲ့အခါ ... သို့မဟုတ် ခေါက်လိတ်ထားသောခိုင်ခံ့မြဲမြံခြင်းအကြောင်း ခြောက်ခု ရှိပါမည်။ ကျွန်တော်တို့ထိုမြို့တော်ဆိုတာကို ရှာဖွေပြီးတော့ အဲဒါကို ယူသွားကြကာ အဲဒါကဘယ်သူ အဲဒါကိုဘယ်သူက ထူထောင်ခဲ့တာ အဲဒါက ဘယ်နေရာကနေ ရောက်လာတယ်ဆိုတာကို သက်သေပြရပါမည်။ အဲဒါကဘယ်လောက်ကြာ ကြာ ရပ်တည်နေပါမည်နည်း။ အဲဒါကို ဘယ်အချိန်မှာ တဖန်ပြန်လည်တည်ဆောက်မှုပြုပါမည်နည်း။ အို ကြီးမြတ်တဲ့ အကြောင်းအရာတို့သည် ကျွန်တော်တို့အတွက်လည်ပတ်လာပါပြီ။ ဟုတ်ပါပြီ။

လူတို့အပေါ် စီရင်ဆုံးဖြတ်တော်မူမည့်သီတင်းခုနှစ်ဆယ်ရှိပါသည် ... သူမြို့အပေါ် မှောက်မှားခြင်းကိုအဆုံးသတ် စေမည့် ...

အခု သူက လုံးဝမပြောပါဘူး ‘ဒံယေလ ...’ သီတင်းခုနှစ်ဆယ်အကြောင်း သူက သူ့အားပြောသည်ကို သံသယမရှိပါနှင့် ... ကျွန်တော်ဆိုလိုပါတယ်။ နှစ်ခုနှစ်ဆယ်ကပြီးသွားခဲ့ပါပြီ - ခြောက်ဆယ့်ရှစ်နှစ်ရှိခဲ့ပါပြီ။ အခု နှစ်နှစ်ပဲ လစ်လပ်နေပါသည်။ ယေရမိ၏ပရောဖက်ပြုချက်က အတိအကျ အမှန်အကန် သက်ရောက်ခြင်းရှိသည်ကိုကျွန်တော်တို့ရှာဖွေကြ ပါမည်။ နှစ်နှစ်ကြာပြီးတော့ သူတို့ ထွက်ခွာသွားကြပါသည်။နေဟမိက သွားပြီး ဘုရင်ဆီကနေ အမိန့်တခုကို ယူလာခဲ့ ပါသည်။ ဒုက္ခဆင်းရဲခြင်းကာလ၌နံရံကိုတည်ဆောက်မှာဖြစ်ပါသည်။ သူတို့ လုပ်ဆောင်မှုပြုခဲ့ပါသည် ... သူက ‘နံရံ ...’ ဟုပြောပါသည်။ ဒါကိုနားထောင်ပါ။

... မှောက်မှားကျူးလွန်မှုကအဆုံးသတ်သွားပါမည်။ အပြစ်ကို အဆုံးသတ်စေပါမည် ...

အပြစ်ကို အဆုံးသတ်ဖို့ဖြစ်ပါသည်။ဘယ်သူဆီကိုဖြစ်ပါသလဲ။ ဂျူးတွေဟာ ‘.... သူ၏လူတို့အပေါ် စီရင်ဆုံးဖြတ်မှုပြုခဲ့ပါသည် ’ တပါးအမျိုးသားတို့အပေါ်သို့ သက်ရောက်တာမဟုတ်ပါ .... သူ့ရဲ့လူတွေ(ဂျူးတွေ) အပေါ်မှာဖြစ်ပါသည်။ သူ၏မြို့အပေါ်သို့သက်ရောက်မှုရှိမည်ဖြစ်ပါသည်။ နယူးယောက်ကိုမဟုတ်ပါဘူး။ ကိုစတွန်၊ ဖိလဒေဖိလ၊ဂျီကာကို၊ လော့အိန်ဂျယ်လိ၊ ရောမမြို့ဆီကို မဟုတ်ပါဘူး သူ၏မြို့တော် ‘ဂျေရုရှလင် မြို့ဆီကို ရောက်ရှိမှာဖြစ်ပါသည် ’

.... အပြစ်ကျူးလွန်ခြင်းကိုအဆုံးသတ်စေဖို့ ... အပြစ်တွေကိုအဆုံးသတ်မှုတခုပြုပေးပါမည် ... ဒုစရိုက်မှုအတွက် ပြန်လည်စေ့စပ်မှုကိုပြုတော်မူပါမည်။ ထာဝရဖြောင့်မတ်ခြင်းထဲသို့ခေါ်ဆောင်မှုပြုစရာအကြောင်းရှိပါသည်။ ရူပါရုံနှင့် ပ ရောဖက်ပြုချက်ကိုတံဆိပ်ခတ်ပစ်လိုက်ပါမည်။ အသန့်ရှင်းဆုံးသောအရာကို ဘိသိက်ပြုစရာအကြောင်း ရှိပါသည်။(စောင့် ကြည့်ပါ)

ဒါကြောင့်သိပါ နားလည်ကြပါ။ပြန်အသက်ဝင်လာစေဖို့ ဗျာဒိတ်တော်၏ရှေ့ဆက်သွားနေခြင်းကနေ ဂျေရုရှလင် ကိုပြန်လည်တည်ထားတတ်စရာအကြောင်းရှိပါသည် (အဲဒါက သူ့ရဲ့မြို့ဖြစ်ပါသည်။) သင့်အပေါ်သို့ ..... မင်းသားဖြစ်တော် မူသော မေရှိယသည် ခုနှစ်ဆယ်သော(အနှစ်ခုနှစ်ဆယ်) သီတင်းအပတ်မှာရောက်လာပါမည် ...

67 ၆၇။ ကျွန်တော်တို့အဲဒီအချိန်ရောက်သည်အထိ စောင့်ဆိုင်းနေကြရပါမည်။ အို ကျွန်တော်အဲဒါကကောင်းချီးတခုဖြစ် ပါတယ်။ ကျွန်တော်

... ကျွန်တော်ဟာ ကျွန်တော်ကိုယ်ကျွန်တော်ဆက်ပြီးတော့ ကြိုးတခုနှင့်ချည်ပြီး ဒီနေရာမှာရှိနေရ ပါမည်။

အဲဒါကို အမျိုးစုံသောနည်းလမ်းဖြင့်ရှင်းလင်းဖွင့်ဆိုပြခဲ့ပြီးဖြစ်ပါသည်။ ပြောခဲ့ပြီးပါပြီ 'ကျွန်တော်ကခင်ဗျားတို့ကို နှစ်နှစ်လောက်မှာ သူတို့၌ ဖြစ်မည့်အရာကို ဆက်ပြီးတော့ပြောပြရုံသာမဟုတ်ပါဘူး ... အဲဒါကအဆုံးသတ်ပြီး ပြီးမြောက်သွားမယ်ဆိုတာကိုပါ ပြောရမှာဖြစ်ပါတယ် ...' ကျွန်ုပ်တို့အားလုံးသူတို့အနှစ်ခုနှစ်ဆယ် အတိအကျနေပြီးရင် ထွက်မြောက် မယ် ဆိုတဲ့အကြောင်းကို သိကြပါသည်။ အတိအကျ အမှန်အကန် ပရောဖက်ပြုခဲ့သောအရာဖြစ်ပါသည်။ ပြီးတော့ ဟေရှာ ယက .... ကျွန်တော်ဆိုလိုတာက ဒံယေလဟာ အဲဒီပရောဖက်ကိုယုံကြည်ခဲ့ပါတယ်။ ဒါကြောင့် ဒီမှာ သူဟာ အဆင်သင့် လုပ်ခဲ့တာဖြစ်ပါသည်။ ဟုတ်ပါပြီ။

အခု ဂါဗြေလရောက်လာတဲ့အခါ သူက 'ငါသည် ခပ်သိမ်းသောအကြောင်းအရာတို့ကို သင့်အားပြသဖို့ရာ ရောက်လာခြင်းဖြစ်သည်။ အဲဒီလိုမျိုး ဤသို့သောကိစ္စတွေကို သင့်အားပြစရာအကြောင်းရှိတယ် ... အလုံးစုံသောလမ်းကြောင်း ဖြင့်အဆုံးသတ်သွားစရာအကြောင်းရှိတယ်' ဟုပြောကြားခဲ့ပါပြီ။ ကြည့်ပါ။ မြင်ကြပါ။

... စက်ဆုပ်ရွံရှာဖွယ်သောအရာိကု သူသည်ပျက်စီးသွားအောင် လုပ်ဆောင်မှုပြု၍ အဆုံးသတ်သို့ရောက်သွားစေပါမည် ... (အဆုံးသတ်ခြင်းဆိုတာက ခပ်သိမ်းသောအရာတို့၏အဆုံးသတ်ခြင်းဖြစ်ပါသည်)

68 ၆၈။ 'ဘာဖြစ်လာမလဲဆိုတာခင်ဗျားတို့ကို ကျွန်တော် ထောက်ပြသွားပါမည် ..... 'အခု နားထောင်ကြပါ။အဲဒါကိုယူ ကြပါ။ 'ဒံယေလ ငါသည်သင့်ထံသို့ပို့ဆောင်ခဲ့ပြီးဖြစ်တယ် သင်သည်ကောင်းကင်၌ ချစ်ဖွယ်သောသူဖြစ်၏။ သူ၏ဆု တောင်းချက်ကို ငါကြားရ၏။ အရာအားလုံးအဆုံးသတ်ကို ရောက်သွားချိန်အထိ အခုမှစ၍ ဂျူးတို့နှင့် ဂျေရုရှလင်အတွက်စီရင်ဆုံးဖြတ်မှုပြုမည့်အရာကို သင့်အား ကြားပြောဖို့ရာ အခုသင့်ထံသို့ငါရောက်လာမည်' ဆိုတဲ့အရာရှိပါသည်။

အခု ဘယ်လိုအတန်းအစားဆိုတာကိုခင်ဗျားတို့နားလည်ကြသလား။ ကျွန်တော်တို့ ဤသီတင်းခုနှစ်ဆယ်အကြောင်း ရှာဖွေနိုင်ကြမယ်ဆိုရင် အဆုံးသတ်အချိန်နာရီကိုကျွန်တော်တို့သိကြရမည်ဖြစ်ပါသည်။ အို ကျွန်တော် ဘုရား သခင် ကျွန်ုပ်တို့အားထိုသို့သောအရာကို သိကျွမ်းစေဖို့ရာ ကူညီမစတော်မူပါ။ ထိုအရာကို ကျွန်ုပ်တို့အားအတိအကျ မိန့် တော်မူပါ။ ဒီစာမျက်နှာတွေထဲက ဘယ်နေရာမှာပဲရှိနေပါစေပါ အဲဒီအချိန်ကနေဒီအချိန်ရောက်တဲ့အထိ အတိအကျ မိန့် တော်မူပေးတော်မူပါ။ အဆုံးသတ်အချိန်ထိပြတော်မူပါ။အဲဒါကိုတစ်မိနစ်မှ လွဲစေတော်မမူပါနှင့်။ ဘုရားသခင်၏ကြီးမြတ် သောနှုတ်ကပတ်တော်ကမည်မျှလောက် ...

69 ၆၉။ ဘုရားသခင်သည်ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူစဉ်အခါ ဝန်ရိုးကိုတပ်ဆင်တော်မူပါသည်(အခြား တနင်္ဂနွေညတွေမှာ ကျွန်တော် ဟောပြောခဲ့ဖူးပါသည်။ အဲဒါက ဘယ်လိုမှကျဆုံးစရာအကြောင်းမရှိပါဘူး )ဘာဖြစ်လို့လဲဆိုရင် ယနေ့ မှစ၍ တိကျသောအချန်မိနစ်ရောက်သည်တိုင်အောင်အနှစ်နှစ်ဆယ်ကာလအတောအတွင်း နေနှင့်လတို့သည် ပြည့်စုံ ခြင်းရှိမည့်အကြောင်းကိုခင်ဗျားတို့အား အတိအကျ ပြောကြားနိုင်သည့်အချိန်ကာလရောက်သည့်အထိ ဒီကမ္ဘာလောက ကြီးဟာပြီးပြည့်စုံစွာ လှည့်ပတ်လျက်ရှိပါမည်။ မည်သို့သောအချိန်နာရီအပိုင်းအခြားကိုမှခင်ဗျားတို့အား ကျွန်တော် ပြော ကြားနိုင်မှာမဟုတ်ဘဲ လောကကြီးထဲမှာ ကျွန်တော်တို့နေနေကြရမှာဖြစ်ပါသည်။ အဲဒီလိုပဲ တလမှာ နှစ်မိနစ်သုံးမိနစ် လောက်ကုန်ဆုံးသွားပါလိမ့်မည်။ ဒါမှမဟုတ် နှစ်မိနစ်သုံးမိနစ်လောက် ပိုင်ဆိုင်ကြရပါမည် -ကျွန်တော်တို့ရထားတဲ့ အ ကောင်းဆုံးသောအရာဖြစ်ပါသည်။ အဲဒီလိုပြီးပြည့်စုံတဲ့အရာဘာတခုကိုမှကျွန်တော်တို့ မလုပ်ဆောင်နိုင်ပါဘူး။ ဘာဖြစ် လို့လဲဆိုရင်အဲဒီလိုတခုသောအရာက ပြီးပြည့်စုံနေတဲ့အတွက်ကြောင့်ဖြစ်ပါသည်။ အဲဒီတခုသောအရာကဘုရားသခင်ပဲ ဖြစ်ပါသည်။ ဘုရားသခင်နှင့် သူရဲ့နှုတ်ကပတ်တော်ကပြောင်းလဲခြင်းမရှိပါဘူး။ ဒါကြောင့် ဘုရားသခင်၏နှုတ်ကပတ် တော်ကပြီးပြည့်စုံတော်မူပါသည်။

ကျွန်တော်တို့ ဤသို့သောနေ့ရက်ကာလများကိုရှာဖွေမှုပြုတော်မူနိုင်တယ်ဆိုရင် အဆုံးသတ်သွားမည့်အချိန် နာရီ ကို ကျွန်တော်တို့အတိအကျ ရှာဖွေမှုပြုကြရပါမည်။ ခင်ဗျားတို့ အဲဒါကိုရကြပါသလား။ အဆုံးသတ်ဖို့ရာစီရင်ဆုံးဖြတ် တော်မူခဲ့ပါသည်။ အခန်းငယ်နှစ်ဆယ့်လေးမှာ ... သူ၏လူတို့နှင့် ... သူ၏သန့်ရှင်းသောမြို့တော်ဆိုတာရှိပါသည်။အဲဒါက တော့ ဂျေရုရှလင်မြို့ပဲဖြစ်ပါသည်။ ဒီနေရာက အခန်းငယ် နှစ်ဆယ့်လေးကို ယူကြပါ။ယေရှုက ဒါကို မဿဲ ၂၄ မှာ ညွှန်း ပြထားပါသည်။

70 ၇၀။ အခုဘရာသာကော်လင်းဟာ (ဒီမနက် သူဒီမှာရှိရင် သူရှိလား မရှိလား ကျွန်တော်မသိပါဘူး)မေးခွန်းမေးတဲ့ အခြား ညတွေက သူလည်း မေးခွန်းတခုမေးခဲ့ပါသည်။ (အဲဒါက အမှတ်ပဲ 'ဘရာသာကော်လင်း' လို့ ကျွန်တော်အတွက်တော့ ပြောစရာရှိပါသည်)ဖျက်စီးပစ်ဖို့ရာ စက်ဆုပ်ရွံရှာဖွယ်သောအရာရှိနေမယ်ဆိုတဲ့အကြောင်းကိုမြင်ရပါသည်။အဲဒီလို အဓိ ပွါယ်ရပါသည်။ ယေရှုက အဲဒီအကြောင်းကို မဿဲမှာ ပြောထားပါသည်။ အခန်းကြီးနှစ်ဆယ့်လေးမှာ ကျွန်တော်တို့ ရှာ ထုတ်ထားကြပါသည် ...ဟုတ်ပါပြီ။ မဿဲ ၂၄း၁၅ မှာ ရှိပါသည်။

အခု ခင်ဗျားတို့ မြင်နိုင်ကြတဲ့အတွက်အဲဒါကို ကျွန်တော်အား မြန်မြန်လေးသွားခွင့်ပြုကြပါ ...ယေရှုက ဒီနေရာမှာ တူညီသောအကြောင်းအရာကို မိန့်တော်မူခဲ့ပါသည်။ရည်ညွှန်းသောအရာကို ဒံယေလထံသို့ ပြန်လည်၍ ရောက်ရှိစေခဲ့ ပါသည်။ မဿဲ ၂၄း၁၅ မှာပါ။အဲဒါက ခင်ဗျားတို့ထံ သက်ရောက်မည့်အရာဖြစ်ပါသည်။ အခု ကျွန်တော်က ခင်ဗျားတို့ကိုတခုစီရသွားစေချင်ပါသည်။ အထူးသဖြင့် ဒီနေ့ညနှင့် နောက်အပတ်တနင်္ဂနွေမှာခဲတံနဲ့စာရွက်တွေ ယူလာကြပါ။ ဘာဖြစ် လို့လဲဆိုရင် ကျွန်တော်တို့ ... တိပ်ခွေတခွေတောင် ခင်ဗျားတို့ရမသွားဘူးဆိုရင်တောင် အခန်းငယ်နှစ်ဆယ့်လေးနှင့် ဆယ့် ငါးမှာပါ။

ဒါကြောင့် ခင်ဗျားတို့ပျက်စီးခြင်းအတွက် စက်ဆုပ်ရွံရှာဖွယ်သောအရာကို မြင်ရတဲ့အခါ ပရောဖက်ဒံယေလအား ဖြင့်ပြောခဲ့ပါသည်

(စဉ်းစားပါ။ ဒါက လေးရာရှစ်ဆယ် ... သုံး၊ လေး၊ ငါး ... ယခင်ရှစ်ဆယ်ခြောက်နှစ်က - ယခင် ၄၈၆ နှစ်ကဖြစ်ပါသည်) ...ပရောဖက် ဒံယေလကသန့်ရှင်းရာအရပ်၌ မတ်တပ်ရပ်နေခဲ့ပါသည်(အခု ခင်ဗျားတို့ သမ္မာကျမ်းစာကို ကြည့်ပါ။)အဲဒါက ခေတ္တခဏ ရပ်နားနေတဲ့အချိန်ဖြစ်ပါသည်။ (ဖြတ်တဲ့သူကို နားလည်ခွင့်ပေးပါသည်) ...

71 ၇၁။ အခုကိုယ်တော်က ဂျူးတို့အား မိန့်တော်မူပါသည်။ သူတို့က 'ဒီဗိမာန်တော်အကြောင်းကဘယ်လိုဖြစ်ပြီး ဘယ် အချိန်မှာ ဖျက်ဆီးခံရမလဲ။ ဘယ်အချိန်မှာ ပြန်ဆောက်မယ်။ရောက်လာမယ့် ကျောက်တုံးပေါ် တတုံးဆင့်မနေမည့် အချိန် နာရီတခုဟာဘယ်အချိန်မှာဖြစ်လဲ။ အဲဒါက နောက်ဆုံး ဘယ်လောက်အကြာမှာ ဖြစ်မလဲ။ ဆိုတာကိုဆိုလိုကြပါသည်။'

သူက 'အဆုံးသတ်ဖို့ရာ စက်ဆုတ်ရွံ့ရှာဖွယ်သောအရာ စိုက်နေတာကိုသင်တို့တွေ့မြင်ရစဉ်အခါ ...' လို့ပြော ထားပါသည်။ ဒံယေလကတော့ သန့်ရှင်းသောအရပ်၌ မတ်တပ်ရပ်နေတဲ့အချိန်နာရီမှာ ရောက်နေတာဖြစ်ပါသည်။ 'ဤ သို့သော အရာပြည့်စုံသည်ကို သင်တို့တွေ့မြင်ရစဉ်အခါ သူပြောကြားမှုပြုသည့်အရာကို ဖတ်၍ သူ့အား နားလည်ခွင့် ပြုပါမည် ...' သံသယဖြစ်စရာအရိပ်တခုမှဖြစ်မလာဘဲ ပြည့်စုံစွာ အမှုပြုတော်မူရန် ဘုရားသခင်ထံ ကျွန်တော်တို့ ဆုတောင်းပဌာနာပြုခြင်းကြောင့်ဖြစ်ပါသည်။ ထိုသို့သောအရာများကိုကျွန်ုပ်တို့၏ကိုယ်ပိုင်အနက်ဖွင့်ဆိုချက် တည်ဖို့ စဉ်းစားလို့မရတဲ့အတွက်ကြောင့်ဖြစ်ပါသည်။ အဲဒါက 'ထို့ကြောင့် ဘုရားသခင်မိန့်တော်မူသည်' ဆိုတာနဲ့ရောက်လာစရာအ ကြောင်းရှိလို့ပဲဖြစ်ပါသည်။ ဒါကြောင့်ကျွန်တော် နားလည်ရသည့်အချိန်ရောက်သည့်တိုင်အောင် အဲဒီလိုမျိုးနေရာကနေ ကျွန်တော်ဟာအမှန်ပဲ ထွက်ခွာ၍နေရပါမည်။

72 ၇၂။ ခပ်သိမ်းသောအရာတို့ကိုသူ့အားဖော်ပြခဲ့ပါမည်။ ထိုသို့သောစက်ဆုပ်ရွံ့ရှာဖွယ်သောအရာရှိပါမည် ... ပြီးတော့ မှတ်ထားကြပါ။ အဲဒီလိုပေါင်းစပ်ထားသည့်အဓိပ္ပါယ်တခု၏ဆိုလိုရင်းမှာ သူ၏သားသမီးတို့ကို အီဂျစ်ပြည်မှ နုတ်တော် မူသည် ဟူသောအဓိပ္ပါယ်မျိုးဖြစ်ပါသည်။ ဣသရေလတို့ကို ခေါ်ထုတ်မှုပြုခဲ့ပါသည်။ ဒါကြောင့်သူ၏သားတော် ယေရှုကို ခေါ်ထုတ်မှုပြုခဲ့ခြင်းဖြစ်ပါသည်။ အဲဒီလို အတိအကျ အမှန်အကန်ဖြစ်လာပါမည်။ ကျွန်တော် မတ်တပ်ရပ်နေတဲ့ဒီနေရာမှာ အမှန်တကယ် ဖြစ်လာစရာအကြောင်းရှိပါသည်။နည်းလမ်းတခုဖြင့် ထိုသို့သောအရာကို ကိုယ်တော် အမှုပြုတော်မူခဲ့ ပါသည်.... ထိုသို့သောအရာအားလုံးကို ကိုယ်တော်ရှင်သည် အသင်းတော်ကနေကွယ်ဝှက်ထားတော်မူပါသည်။ အို အဲဒီ လိုအချိန်ကာလထဲသို့ ကျွန်တော်တို့ရောက်သွားကြတဲ့အခါ ထိုသို့လိပ်ထားသောအရာခြောက်ခုကို နားလည်ရသောအခွင့် ထဲသို့ရောက်သွားတဲ့အခါ ကိုယ်တော်ရှင်သည် ဤသို့သော အရာအားလုံးကို အသင်းတော်ကနေမည်သို့ကွယ်ဝှက်ခြင်း ရှိပါ တော့မည်နည်း။ ဒါကြောင့် အသင်းတော်အနေဖြင့်မိနစ်အချိန်တိုင်း၌ စောင့်မျှော်ခြင်းဝတ်ကိုပြုရပါမည်။ ကိုယ်တော် ဘယ်အချိန်ရောက်လာမလဲဆိုတာကို သိရမှာမဟုတ်ပါဘူး။ ဒါပေမယ့် အခု အသင်းတော်ခေတ်ကာလကတော့လွန်လာလောက် ပြီဖြစ်ပါသည်။ ဒါကြောင့် အခု ကြွလာတော်မူခြင်းအတွက်အဆင်သင့်လုပ်ထားကြပါ။ အဆင်သင့်ပြင်ထားကြပါတော့။

73 ၇၃။ ဒီတခုကတော့... စာစောင်သည် အရေးအကြီးဆုံးနှုတ်ကပတ်တော်များပင်ဖြစ်ပါသည်။ အဲဒါကို အလုပ်စရာ အ ကြောင်းရှိပါသနည်း။ ထိုအရာကယုဒနိုင်ငံနှင့်ယုဒလူမျိုးတို့၏ အဆုံးသတ်ကို ပြောကြားမှုပြုနေပါသည်။ နှုတ်ကပတ်တော်ကတော့ သိတင်းခုနစ်ဆယ်ဖြစ်၍ ဖွင့်ပြထားပါသည်။ ထိုသို့သောနှုတ်ကပတ်တော်ကအဲဒီလို ဒံယေလအစပြုခဲ့တဲ့ အချိန်ကာလမှစ၍ ပြည့်စုံခြင်းအဆုံးသတ်အချိန်နာရီရောက်သည့်တိုင်အောင် အတိအကျ ပြောကြားထားတာဖြစ်ပါသည်။ ထိုအရာကအကြီးမြတ်ဆုံးသော အချိန်တိုင်းအလျားထဲက တခုဖြစ်ပါသည် .. .. ကျွန်တော်ပြောခဲ့တဲ့ 'ခင်ဗျားတို့ သိတင်း အပတ်၏နေ့ရက်ကာလကို သိချင်တယ်ဆိုရင်ပြက္ခဒိန်ကိုကြည့်ကြပါ။ တကယ်လို့ ခင်ဗျားတို့က ကျွန်ုပ်တို့ရှင်သန်နေ ကြတဲ့ အချိန်နာရီအကြောင်းကိုသိချင်ရင်တော့ ဂျူးတို့ကိုကြည့်ပါ' ဆိုတာကိုဘယ်နှယောက်လောက်ကြားဖူးကြပါသနည်း။ အဲဒါ ကအမှန်ပါ။ ဘုရားသခင်၏ ပြက္ခဒိန်သည်ဒီနေရာကနေ အမှန်တကယ် ဖြစ်ပျက်မှုရှိခဲ့ပါသည်။ ပညာရှင်တွေ ဘယ်လိုကျမ်းစာအရာမျိုးတွေမဆို ဘယ်သူမဆိုက ဒီလိုအချိန်ပိုင်းအလျားရှိတယ်လို့ သင့်အားပြောကြားမှုပြုပါလိမ့်မည်။ဂျူးတွေ လည်းပါပါသည်။

အခု ကျွန်တော်တို့ ဘယ်အချိန်ကာလမှာရောက်နေကြတာဖြစ်ပါသလဲ။ ကျွန်တော်တို့အခု ... လူတွေက ပူလောင် နေကြပါသည် ... အို ကျွန်တော် ...

အဲဒီမှာ တပါးအမျိုးသားတို့နှင့်လုပ်စရာအကြောင်း ဘာတခုမှရှိစရာအကြောင်းမရှိတော့ပါဘူး။ ဒီလိုတံဆိပ်ခုနစ် ခရောဂါခုနစ်မျိုး ဝမ်းနည်းခြင်းခုနစ်ခု တံပိုးခုနစ်လုံးဆိုတာတွေကို တခုမှလုပ်စရာအကြောင်းမရှိတော့ပါဘူး ... တပါးအမျိုး သားတို့၏အသင်းတော်သည်ထိုသို့သောအချိန်နာရီ၌ ဘုန်းဝင်စားခြင်းရှိပါမည်။ ကျွန်တော်တို့နဲ့ဘာမှဖြစ်စရာအကြောင်း မရှိပါဘူး။ တပါးအမျိုးသားအသင်းတော်ဖြစ်ပါသည်။ထိုအရာတခုတည်းသော ဣသရေလတို့နှင့် အဆက်အသွယ်ပြုမှာ ဖြစ်ပါသည်။ ဒံယေလ သူ၏လူမျိုးဂျေရုရှလင်မြို့ ဆိုပြီးတော့ရှိပါသည်။

74 ၇၄။ အခုဂျူးတွေ သူတို့၏မွေးရပ်မြေသို့ ပြန်စဉ်အခါ၌သာ ဘုရားသခင်က သူတို့နှင့်အဆက်အသွယ်ပြုတော်သည် ဆိုသောအချက်ကို လှစ်ပြထားတာရှိပါသည်။ ဟာလေလုယာ အဲဒီနေရာကအနှစ်ကိုထိတဲ့အချက်ဟု ကျွန်တော်ထင်ပါ တယ်။ အဲဒီမှာအမှန်တကယ် ရှိပါသည်။ သူတို့ဟာအမြဲတမ်း ဒံယေလ၏ ထင်ပါတယ်။ အဲဒီမှာအမှန်တကယ် ရှိပါသည်။ သူတို့ဟာ အမြဲတမ်းဒံယေလ၏အချိန်နာရီ၌ရှိသော ဣသရေလတို့၏အချိန်ကာလမှစ၍ ခွင့်ပြုပေးဖို့ အမြဲကြိုးစားနေခဲ့ကြတာဖြစ်ပါသည် ... ကြီးမြတ်သော စာရေးဆရာကြီးတယောက်ဟာ ... ဘာဖြစ်လို့လဲဆိုရင် ဒီမှာ ထိုင်နေကြတဲ့ သူရဲ့နောက်လိုက်အချို့ကို ကျွန်တော်သိနေလို့ဖြစ်ပါသည်။ အဲဒီလိုဖြစ်သည်ဟုကျွန်တော်ပြောတာမဟုတ်ပါဘူး။ ဒါပေမယ့် ဒီလိုအလွဲအမှားပြွက်သိပ်ထားတဲ့အရာအားလုံးကိုသူတို့ ပိုင်ဆိုင်ထားကြသည့် အကြောင်းအရင်းပင်ဖြစ်ပါသည်။

75 ၇၅။ ဆဲဗင်းဒေးအက်ဗန်းတစ်မဖြစ်ခင်၁၈၃၈ ခုနှစ်လောက်က ဒီလိုမျိုးဖြစ်ခဲ့ကြသည့် မေးထရိုက်တွေက ဘယ်လိုရှိခဲ့တယ်ဆိုတာခင်ဗျားတို့ သိကြပါသလား။ သူတို့ရဲ့အတောင်တွေကို ရထားကြပါသည် (ခရီးသွားစာစောင်မှာခင်ဗျားတို့ အားလုံးအဲဒါကို မြင်ခဲ့ကြပြီးပါပြီ) အဲဒီမနက်က အဝေးကြီးကိုပျံဖို့လို့ဒီလိုမျိုးထလာကြပါသည်။ အဲဒါက ဒံယေလ၏သီတင်း ခုနှစ်ဆယ်ကို ဖြစ်စေသော - မေးလရိုက်များပင်ဖြစ်ပါသည်။ သည်နောက်မှာ မစ္စအယ်လန်ဂိုက်လို သူတို့ရဲ့ပရောဖက်တွေရှိလာကြပါတယ်။ လှည့်လည်သွားလာကြပြီးတော့ သူတို့ကိုယ်သူတို့ ဆဲဗင်းဒေးအဗန်တစ်တွေလိုခေါ်ဆိုမှုပြုကြပါသည်။ သူတို့ရဲ့အမည်နာမကို ပရောဖက်ပြုခြင်း၏အသံတော်ဟုပြောင်းလပြစ်တာကို မြင်ရပါသည်။ ပြောင်းလဲခြင်းမရှိသော ဝတ်ပြုကိုးကွယ်မှုပုံစံအတွက် နာမည်ခြား သုံးခုရှိပါသည်။

76 ၇၆။ အခုဒါပေမယ့်လည်း သူတို့ကမှားခဲ့ကြပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ ဂျူးကောတပါးအမျိုးသားတွေ၌ ပါ အဲဒီလိုသတင်းစကား ခုနှစ်ဆယ်ကိုအသုံးချဖို့ကြိုးစားမှုပြုခဲ့ကြလို့ပါပဲ။ သူက ဒီမှာ ‘အဲဒါကကိုယ်တော်၏လူတို့အတွက် ဖြစ်တယ်’ လို့ပြောထားပါသည်။ ဘုရားသခင်သည်ပါလစ္စတီးတို့ထံမှထွက်ခွာမှုပြုတဲ့ ဂျူးတွေနဲ့ ဘယ်တုန်းကမှ အချိတ်အဆက်မပြုခဲ့ပါဘူး။ ခုနှစ်ဆယ့်နှစ်သီတင်းမှာ မေရှိယရောက်တဲ့အချိန်ရှိပါသည်။ဖြတ်ချထားပါသည်။ ကိုယ်တော်က သူ့ အတွက် သူရောက်လာတာမဟုတ်ပါဘူး။ ကျွန်တော်တို့အတွက်ရောက်လာတာဖြစ်ပါသည်။ ဖြတ်ထားပါသည်။ ကာလရေ လတို့ နှံပြားခဲ့ရပါသည်။နောက်ဆုံးနှစ်ကာလ အနည်းငယ်ပဲ ကျန်ချိန်အထိ မရောက်မချင်း သူတို့ရဲ့မွေးရပ်မြေသို့လုံးဝ ပြန်ရစရာအကြောင်းမရှိပါဘူး။ ဒါကြောင့် အဲဒီလိုရှိမည့် အသင်းတော်ခေတ်ကာလအတွက်အချိန်နာရီကို ရေတွက်လို့ မ ရပါဘူး။ခင်ဗျားတို့ အဲဒါကို ရကြလား။ အဲဒါက ၁၈၃၈ မှာ ဖြစ်မှာမဟုတ်ပါဘူး။ ၁၈၃၈မှာဖြစ်ခဲ့တဲ့ တခုခုကိုတော့ ကျွန်တော် ပြလို့ရပါတယ်။ ကောင်းပါတယ်။အဲဒီကောင်းကင်တမန်ရှိတဲ့အချိန်က ... တတိယကောင်းကင်တမန်၏သီတင်းစကားကရိုက်ခတ်၍ ဝမ်းနည်းခြင်းအကြောင်းသည် ဆက်လက်၍ ဖြစ်ပေါ်မှုရှိပါသည်။ အတိအကျပါပဲ။ အဲဒါက အဲဒီလိုမဟုတ်ပါ။ အဲဒါက နက်နဲသောနည်းလမ်းတခု၌ စစ်ပွဲရပ်သွားတဲ့အချိန်ကာလဖြစ်ပါသည်။ကျွန်တော်တို့ အခန်းကြီးခုနစ်ကို ရလိုက်တဲ့ အခါ အဲဒီလိုမျိုးကိစ္စကိုကျွန်တော်တို့ရလိုက်တာနဲ့ ကျွန်တော်တို့ဟာ အခန်းကြီးခုနစ်ထဲက အဲဒီကိုကျွန်တော်တို့ရောက် သွားပြီဖြစ်ပါသည်။ ခင်ဗျားတို့အားလုံး အကြိမ်ပေါင်းများစွာကျွန်တော်ဟောပြောသည့်အရာကို ကြားခဲ့ကြရပါမည်။ မြင် ကြပါ။ ကောင်းကင်တမန်၏သတင်းစကားကပြောခဲ့ပါသည်။ ‘ကျွန်တော်တို့ ဂျူးအမှုတော်ဆောင်တွေကို တံဆိပ်ခတ်မှု ပြုချိန်အထိ ကမ္ဘာမြေကြီး၏အရပ်လေးမျက်နှာမှလေများတိုက်ခိုက်ခြင်းရှိမည်ဖြစ်ပါသည်’ အခု တပါးအမျိုးသားခေတ်ကာ လအားလုံးထွက်ခွာသွားကြတဲ့အချိန်ထိ သူတို့က စောင့်ဆိုင်းနေကြပါသည်။ သည့်နောက် ကိုယ်တော်အထဲသို့ ရောက် လာပါမည်။ ကိုယ်တော်က ဂျူးတွေနဲ့ သန့်ရှင်းသောဝိညာဉ်တော်ကို ခံရသည်၁၄၄၀၀၀ သောလူတို့ကို တံဆိပ်ခတ်နိုပ် ခြင်းပြုမည်ဖြစ်ပါသည်။ အဲဒီလို ၁၄၄၀၀၀သောလူများ တံဆိပ်ခတ်ခြင်းခံရမည့်အကြောင်း ဗျာဒိတ်ကျမ်း အခန်းကြီး ၇ မှာ ရှိပါသည်။ခင်ဗျားတို့ အဲဒါကို ဖတ်ပါ။ ‘ထို့နောက်မှ ငါကြည့်လျှင်အသီးသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ် ခပ်သိမ်းတို့အထဲမှထွက်၍အဘယ်သူမျှမရေမတွက်နိုင်သော လူများအပေါင်းတို့သည် ဖြူကောင်ဝတ်လုံကို ဝတ်ဆင်လျက်စွန်ပလွံခက်ကိုဆိုင်လျက် ပလ္လင်တော်ရှေ့ သိုးသူငယ်ရှေ့မှာ ရပ်နေကြ၏ (၁၀)သူတို့ကလည်း ပလ္လင်ပေါ်မှာ ထိုင်တော် မူသော ငါတို့၏ဘုရားသခင်နှင့် သိုးသူငယ်သည်ကယ်တင်တော်မူခြင်း ချမ်းသာရှိတော်မူစေသတည်းဟု ကြီးသော အသံ နှင့်ကြွေးကြော်ကြ၏ (၁၁)ပလ္လင်တော်မှစသော အသက်ကြီးသူတို့နှင့် သတ္တဝါလေးပါး၏ ဝန်းကျင်၌ရပ်နေသော ကောင်း ကင်တမန်အပေါင်းတို့သည် ပလ္လင်တော်ရှေ့မှာ ပြပ်ဝပ်၍ ဘုရားသခင်ကို ကိုးကွယ်လျက် - အာမင်(၁၂)ငါတို့၏ဘုရား သခင်သည် ကမ္ဘာအဆက်ဆက် ကောင်းကြီးမင်္ဂလာ ဘုန်း ပညာနှင့်တကွကျေးဇူးချီးမွမ်းခြင်း ဂုဏ်အသရေ တန်ခိုး သတ္တိ ရှိတော်မူစေသတည်း။ အာမင်ဟုပြောဆိုကြ၏။’

